ကြေးမုံ

The Mirror

၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၄ ရက်၊ တနင်္လာနေ့၊ (19-2-2007) (၅၂၃၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ဆိပ်ခံတံတားဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် ယခုဖွင့်လှစ်သည့် ဖောင်တော်ကြီးအပါအဝင် ဆိပ်ခံတံတားပေါင်း ခုနစ်ခုကို ရခိုင်ပြည်နယ်အတွင်း တည်ဆောက်ပေးပြီးဖြစ် ရခိုင်ပြည်နယ်၏ ကျက်သရေဆောင်အဖြစ် ငွေအမြောက်အမြား အကုန်အကျခံ၍ ပြည်နယ်လူထုအကျိုးအတွက် တည်ဆောက်ပေးခဲ့

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ရခိုင်ပြည်နယ် စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ကွန်ကရစ်ဆိပ်ခံတံတားဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ ဆိပ်ခံတံတားရှေ့ရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ (အပေါ်ပုံ)

စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ကွန်ကရစ် ဆိပ်ခံတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ဖွင့်ပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဝန်ထမ်းများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ✻

(၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာ ပြပွဲကို မတ် ၈ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာနှင့် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမတို့၌ ကျင်းပမည်။

သတင်း – စာမျက်နှာ(၅)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၉-၂-၂၀၀၇
(တနင်္လာနေ့)

မြန်မာအမျိုးသမီးများဂုဏ်ရည် မြတ်နိုးတန်ဖိုးထားထိန်းသိမ်း

နိုင်ငံတကာအလယ်တွင် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးနှင့် မြန်မာ့ယဉ်ကျေးမှုတို့ ထာဝရတည်တံ့ခိုင်မြဲနေရန် လိုအပ်သည်။ နိုင်ငံသူ၊ နိုင်ငံသားတိုင်းက မိမိတို့၏နိုင်ငံကို အသက်ပေး၍ ကာကွယ်စောင့်ရှောက်ရုံမျှမက မြန်မာ့ယဉ်ကျေးမှုဟူသည့် လူမှုရေးတံတိုင်းဖြင့်လည်း ကာရံထားကြရမည်ဖြစ်သည်။ အထူးသဖြင့် ဝံသာနုရက္ခိတ တရားဟူသော အမျိုးကိုချစ်သည့်စိတ်ထား၊ အမျိုးစောင့်တရား ရင့်သန်ကြံ့ခိုင်ခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်သည်။

အမျိုးကို ချစ်ခင်မြတ်နိုးစောင့်ရှောက်ခြင်းသည် အမျိုးသမီးတို့၏ သိက္ခာ၊ အမျိုးသမီးတို့၏အင်အား၊ အမျိုးသမီးတို့၏ တန်ဖိုးတို့နှင့် ဆက်စပ်ယှက်နွယ်လျက်ရှိရာ မိမိတို့၏ဂုဏ်ရည် ထာဝစဉ်တင့်တယ်ဝင့်ထည်နေစေရေး အလေးထား ထိန်းသိမ်းကြရမည်ဖြစ်သည်။

မြန်မာအမျိုးသမီးများသည် ရှေးအစဉ်အဆက်ကတည်းကပင် ဥပဒေအရလည်းကောင်း၊ ဓလေ့ထုံးစံအရလည်းကောင်း အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးများရရှိခဲ့ကြသည်။ နိုင်ငံနှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် ပါဝင်ကြိုးပမ်းခဲ့ကြသည့် အစဉ်အလာရှိသည်။ ရိုးရာဓလေ့ထုံးတမ်းအရ သိမ်မွေ့ကြသကဲ့သို့ အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ရာတွင်လည်း စံနမူနာယူဖွယ်ဖြစ်သည်။

မြန်မာနိုင်ငံ လူဦးရေ၏ ထက်ဝက်ကျော်သည် အမျိုးသမီးများဖြစ်သည်။ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေး လွှမ်းခြုံဆောင်ရွက်ပေးနိုင်ရန် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကို ဖွဲ့စည်းထားသည်။ နိုင်ငံတော်၏ အားပေးကူညီမှုများနှင့်အတူ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးတွင် ထူးချွန်ထက်မြက်သော စွမ်းဆောင်ရှင်များ ပေါ်ထွက်လျက်ရှိသည်။

သို့ဖြစ်ရာ ခေတ်အဆက်ဆက် မိမိတို့အမျိုးအနွယ်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်း စောင့်ရှောက်လာခဲ့သည့် အစဉ်အလာနှင့်အညီ မြန်မာ့ယဉ်ကျေးမှုကို မြတ်နိုးတန်ဖိုးထား ထိန်းသိမ်းကြခြင်းဖြင့် မြန်မာအမျိုးသမီးများ၏ဂုဏ်ရည် ထာဝရမြင့်မားနေမည်ဖြစ်ပါသည်။ ။

နှစ်ဖက်သောမိဘများကို အမှူးထား၍ ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံ (၁၆)ရပ်ကွက် ပင်းယလမ်းနေ ဦးဘိုးစိန်-ဒေါ်ကျင်တင့်၊ သားသမီးမြေးတစ်စုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် ငွေကျပ် ၁၃၂၀၀၀ ကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်းမပေါ့နှင့်

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးနှင့်အရေးယူခြင်း ထိထိရောက်ရောက်ဆောင်ရွက် လျှပ်စစ်မီးပြတ်တောက်ချိန် မီးပွိုင့်များ၌ အင်ဗာတာနှင့်ဘက်ထရီအိုးတပ်ဆင်သွားမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယမန်နေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ ယာဉ်တိုက်မှုနှင့် ယာဉ်မတော်တဆဖြစ်မှုများ ပိုမိုကျဆင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးခြင်းနှင့် အရေးယူခြင်းလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်ကြရေး၊ မြို့တွင်းစီး ခရီးသည်များနှင့် အဝေးပြေးခရီးသည်များ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် စီမံဆောင်ရွက်ကြရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရာတွင် ပိုမိုထိရောက်စေရေးနှင့် လုံခြုံရေးတို့အတွက် လမ်းဆုံလမ်းခွများတွင် CCTV နှင့် Red Light ကင်မရာများ တပ်ဆင်ရန် စီမံချက်ဆောင်ရွက်ထားသဖြင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကွင်းဆင်းစစ်ဆေး၍ ပြန်လည်တင်ပြကြရန်၊ လျှပ်စစ်မီးပြတ်တောက်ချိန်တွင် မီးပွိုင့်များ အလိုအလျောက် အသုံးပြုနိုင်ရေးအတွက် အင်ဗာတာနှင့် ဘက်ထရီအိုးများကို တပ်ဆင်သွားမည်ဖြစ်၍ တာဝန်ရှိသူများက လိုအပ်သည်များကို ကြိုတင်စီမံဆောင်ရွက်ကြရေး ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၊ ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၊ တိုင်းပို့ဆောင်ရေး ညှိနှိုင်းမှုကော်မတီနှင့် ကုန်တင်မော်တော်ယာဉ်၊ ရေယာဉ်၊ အခြားယာဉ်လိုင်းများနှင့် အထွေထွေလုပ်ငန်းများကြီးကြပ်မှု ကော်မတီတို့မှ တာဝန်ရှိသူများက ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တက္ကသိုလ်၊ ကောလိပ်များမှ ဌာနမှူးများနှင့်မော်ကွန်းထိန်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မော်တော်ယာဉ်လိုင်းများမှ ဥက္ကဋ္ဌများက တက္ကသိုလ်၊ ကောလိပ် ကြို/ပို့ယာဉ်များဆိုင်ရာကိစ္စရပ်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များ၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ရေး ကိစ္စရပ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက၊ တိုင်းမှူး၏ ဇနီး ဒေါ်သန်းသန်းနွဲ့ အခြေခံပန်းအလှပြင်သင်တန်းတွင် ဆုရရှိသူတစ်ဦးအား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

အခြေခံပန်းအလှပြင် သင်တန်းဆင်းပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့မှ ကြီးမှူးကျင်းပသော အခြေခံပန်းအလှပြင်သင်တန်းဆင်းပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက် ၁၀ နာရီက ပုသိမ်မြို့ ဧရာရွှေဝါ ခန်းမ၌ပြုလုပ်ရာ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏ ဇနီးဒေါ်သန်းသန်းနွဲ့၊ ဒုတိယတိုင်းမှူး၏ဇနီးဒေါ်ခင်သောင်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ တိုင်း၊ ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ ကြက်ခြေနီနှင့်သူနာပြုသင်တန်းသူ များ၊ အခြေခံပန်းအလှပြင်သင်တန်းသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သန်းသန်းနွဲ့က အမှာစကားပြောကြားသည်။

တင်ပြ

၎င်းနောက် သင်တန်းနည်းပြ ဒေါက်တာ စောသန္တာမြင့်က သင်တန်းနှင့် ပတ်သက်၍ ခြုံငုံသုံးသပ်တင်ပြကာ သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ဆုပေးပွဲကို ပြုလုပ်ရာ ဒုတိယတိုင်းမှူး၏ဇနီးဒေါ်ခင်သောင်းက နှစ်သိမ့်ဆုရရှိသူ တစ်ဦးချင်းအား ဆုများပေးအပ်သည်။

၎င်းနောက် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်သန်းသန်းနွဲ့က ပန်းအလှပြိုင်ပွဲတွင် တတိယဆုရ ဇလွန်မြို့နယ်၊ ဒုတိယဆုရ မအူပင်မြို့နယ်၊ ပထမဆုရ ဒေးဒရဲမြို့နယ်မှ သင်တန်းသူများအား လည်းကောင်း၊ သင်တန်းနည်းပြ ဒေါက်တာစောသန္တာမြင့်အား ဂုဏ်ပြုလက်ဆောင်ကို လည်းကောင်း ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး သင်တန်းသူ များ၏ပြိုင်ပွဲဝင် လက်ရာများကို ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါအခြေခံပန်းအလှပြင်သင်တန်းသို့ မြို့နယ်များမှ သင်တန်းသူ ၅၂ ဦးတို့က နှစ်ရက်ကြာတက်ရောက် သင်ကြားခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တိရစ္ဆာန်ရောဂါထိန်းချုပ်ရေးလုပ်ငန်းများတွင်ကူညီရန် အပြည်ပြည်ဆိုင်ရာမှ ပညာရှင်များလာရောက်ဆွေးနွေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဂျပန်နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီအဖွဲ့(၂) ညွှန်ကြားရေးမှူး Mr.Hiroaki Okuchi၊ ဂျပန်နိုင်ငံ တိရစ္ဆာန်ရောဂါထိန်းချုပ်ရေးဌာန အရာရှိ MS Relko Hijikata၊ ဂျပန်နိုင်ငံ A & M Incorporation ဥက္ကဋ္ဌ Mr.Akira Matumoto နှင့် မြန်မာနိုင်ငံဒေသဆိုင်ရာ ကိုယ်စားလှယ်ရုံးမှ စီမံကိန်းရေးဆွဲရေးအကြံပေးပုဂ္ဂိုလ် Mr. Masaru Yamada တို့သည် ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီခွဲတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မန္တလေးတိုင်း ဦးစီးဌာနမှူးရုံး၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်၊ သုတေသနနှင့်ကာကွယ်ဆေးဌာနစု ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်ခင်၊ မန္တလေးတိုင်း ဦးစီးဌာနမှူး ဒေါက်တာစက်ရှင်၊ မန္တလေးဒေသဆိုင်ရာ ဓာတ်ခွဲခန်းပညာရှင်များ၊ မန္တလေးခရိုင်ဦးစီးမှူး၊ အမရပူရ၊ တံတားဦး၊ မတ္တရာနှင့် ပြင်ဦးလွင်မြို့နယ်တို့မှ မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံ၍ တိရစ္ဆာန်ရောဂါ (အထူးသဖြင့် ကျွဲ၊နွားခွာနာလျှာနာရောဂါ၊ ဝက်ဝမ်းကျရောဂါနှင့် ကြက်ငှက်တုပ်ကွေးရောဂါများ) စူးစမ်းရှာဖွေထိန်းချုပ်ရေးဆိုင်ရာ ကိစ္စများကိုလည်းကောင်း၊ အဆိုပါ ရောဂါစူးစမ်းရှာဖွေ ထိန်းချုပ်ရေးဆိုင်ရာများအတွက် ဂျပန်ယန်း ၁၀၂သန်းတန်ဖိုးရှိ ဒုတိယအဆင့် အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။

FAO ဒေသဆိုင်ရာ ညှိနှိုင်းရေးမှူး Dr.Wantanee၊ ဂျပန်နိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ တိရစ္ဆာန်ကျန်းမာရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး Dr.Machida နှင့် FAO ဒေသဆိုင်ရာရုံးမှ မွေးမြူရေးဆိုင်ရာ မူဝါဒရေးရာ အရာရှိဖြစ်သူ Nancy R.Morgan တို့သည် ဖေဖော်ဝါရီ ၁၂ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိလာပြီး ဖေဖော်ဝါရီ ၁၅ရက် နံနက် ၁၀နာရီတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးသို့ လာရောက်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အကြံပေးအရာရှိ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများနှင့်တွေ့ဆုံပြီး ကြက်ငှက်တုပ်ကွေး ရောဂါစူးစမ်းရှာဖွေလေ့လာရေး တွေ့ရှိချက်များအပေါ် ဆွေးနွေးသုံးသပ်ခြင်းနှင့် FAO မှတစ်ဆင့် ကူညီပံ့ပိုးပေးသည့် ကြက်ငှက်တုပ်ကွေးရောဂါထိန်းချုပ်ရေးနှင့် ပတ်သက်သော စီမံကိန်းဆိုင်ရာများ လေ့လာသုံးသပ်ခြင်း၊ အကြံပေးခြင်းများ ဆွေးနွေးညှိနှိုင်းကြသည်။

အမေရိကန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအေဂျင်စီ(USAID)မှ ကူးစက်ရောဂါဆိုင်ရာ အကြံပေးအရာရှိ Dr. Mac Arthur၊ ဒေသဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေးအကြံပေးပညာရှင် Dr. Sudarat နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်နိုင်ငံသံရုံး စီးပွားရေးဌာနမှ ပထမအတွင်းဝန် Ms Teresa တို့သည် ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၁၀ နာရီတွင် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးသို့ လာရောက်ပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အကြံပေးအရာရှိ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယ ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံပြီး ၂၀၀၆ ခုနှစ် မတ်နှင့် ဧပြီအတွင်း ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့မှုအခြေအနေနှင့် လက်ရှိရောဂါထိန်းချုပ်မှုဆိုင်ရာ ဆောင်ရွက်နေမှုများ၊ FAO မှတစ်ဆင့် ကြက်ငှက်တုပ်ကွေးရောဂါ ထိန်းချုပ်ရေးအတွက် အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နှစ်သစ်မင်္ဂလာနှင့် နိုင်ငံတော်၏ စေတနာ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ-ဇော်ဝင်း၊ ဝင်းနိုင်(ကြေးမုံ)

နှစ်သစ်ကူးရုံးပိတ်ရက် သတ်မှတ်ခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(ကြေညာချက်အမှတ် ၁/၂၀၀၇)
၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

နှစ်သစ်ကူး ရုံးပိတ်ရက် သတ်မှတ်ခြင်း

သင်္ကြန်ပွဲတော်သည် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ နှစ်သစ်ကူး အခါသမယဖြစ်ပါသည်။ ထိုနှစ်သစ်ကူး အခါသမယတွင် မြန်မာ့ရိုးရာရေပက်ဖျန်း ကစားခြင်း၊ စေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ကျောင်းကန် ဘုရားများသို့ သွားရောက်၍ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ သက်ကြီးရွယ်အို အဘိုး၊ အဘွားများအား ကန်တော့ခြင်း၊ အလှူအတန်းများ ပြုလုပ်ခြင်း စသည်တို့ပြုလုပ်နိုင်ရန်နှင့် နိုင်ငံ့ဝန်ထမ်းများ တစ်နှစ်တာအတွက် အနားယူ အပန်းဖြေနိုင်စေရန်အလို့ငှာ နှစ်စဉ် သင်္ကြန်အကြိုနေ့ မတိုင်မီတစ်ရက်မှစ၍ (၁၀)ရက်တိတိကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်သစ်ကူး ရုံးပိတ်ရက်အဖြစ် သတ်မှတ်လိုက်သည်။

အမိန့်အရ

(ပုံ) **သိန်းစိန်**
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ပြည်ထောင်စု မြန်မာနိုင်ငံတော်- နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နှစ်သစ်ကူး ရုံးပိတ်ရက် သတ်မှတ်ခြင်းကြေညာချက်ကို (၁၃၆၈ခုနှစ် တပေါင်းလဆန်း ၁ရက်) ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလ ၁၆ရက် ရက်စွဲဖြင့်ထုတ်ပြန်ကြေညာခဲ့ရာ ယင်းနေ့ ညပိုင်းရုပ်မြင်သံကြား သတင်း အစီအစဉ်တွင်လည်းကောင်း၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့ထုတ် သတင်းစာများတွင် လည်းကောင်း ထုတ်လွှင့်ဖော်ပြခဲ့သည်။

ရုံးပိတ်ရက်သတ်မှတ်

မြန်မာ့နှစ်သစ်ကူး အခါသမယတွင် ကောင်းမှုကုသိုလ်များ ပြုလုပ်နိုင်ရန်နှင့်

“ခွန်ပြည့် အားပြည့် စိတ်သစ် လူသစ်ဖြင့် နှစ်သစ်တွင်လုပ်ငန်းတာဝန်ကို ထမ်းဆောင်နိုင်ကြမည်ဟုယုံကြည်”
(ဒေါ်ဌေးဌေးဦးစီးမှူး၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန)

နိုင်ငံ့ဝန်ထမ်းများ တစ်နှစ်တာအတွက် အနားယူ အပန်းဖြေနိုင်စေရန် သင်္ကြန် အကြိုနေ့မတိုင်မီ တစ်ရက်မှစ၍ (၁၀)ရက်တိတိကို နှစ်သစ်ကူး ရုံးပိတ်ရက်အဖြစ် သတ်မှတ်လိုက်ခြင်း ဖြစ်သည်။

အဆိုပါ ကြေညာချက်ကို ကြားသိဖတ်ရှုပြီးနောက် စိတ်နှလုံးရွှင်ပြုံးမှုဖြင့် တုံ့ပြန်ပြောကြားသည့် နိုင်ငံ့ဝန်ထမ်းများ၏ ပီတိစကားများကို စေ့ငုလေ့လာ၍ တင်ပြလိုက်ပါသည်။

အသိအမှတ်ပြု

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးမှူး ဒေါ်ဌေးဌေးက “ယခင်ကသင်္ကြန်အကြိုနေ့မှစ၍ ရုံးပိတ်ရက်ဖြစ်၍ ယခုလို အားလပ်ရက်မများကြောင်း၊ ကြေညာချက်ကို ကြားကြားချင်း ဝမ်းသာမိပါကြောင်း၊မိမိတို့အိမ်ထောင်သည်ဝန်ထမ်းများအနေဖြင့် သင်္ကြန်ပိတ်ရက်များကို အလေးအနက်ထားပါကြောင်း၊ အထူးသဖြင့် ဘာသာရေး ဆိုင်ရာကိစ္စများအတွက် အချိန်ပိုရရှိ၍ အားရပါးရ ဆောင်ရွက်ခွင့်ရတော့မည်ဖြစ်ကြောင်း၊ အခြားဝန်ထမ်းများ၊ နေအိမ်နှင့် ဝေးကွာစွာ တာဝန်ထမ်းဆောင်သူများလည်း မိသားစုနှင့်လည်းကောင်း၊ မိဘဆွေမျိုးများနှင့် လည်းကောင်း ပြန်လည်တွေ့ဆုံရန် အချိန်ပိုရရှိပြီး အားရက်ရှည် နားရက်ရှည်မှ အပြန် ရွှင်လန်းချမ်းမြေ့စွာဖြင့် မိမိတို့၏ မူလတာဝန်ဝတ္တရားများ ပြန်လည်ထမ်းဆောင်၍ ခွန်ပြည့်အားပြည့် စိတ်သစ် လူသစ်ဖြင့် နှစ်သစ်တွင် လုပ်ငန်းတာဝန်ကို ထမ်းဆောင်နိုင်ကြမည်ဟု ယုံကြည်ပါကြောင်း၊ နိုင်ငံတော်၏ စေတနာကို လေးနက်စွာ အသိအမှတ်ပြုပါကြောင်း”ဖြင့် ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမှအကြီးတန်းစာရေးဦးမြလှိုင်နှင့် တွေ့ဆုံရာတွင် “မိမိအနေဖြင့်ရော အခြားဝန်ထမ်းများ အနေဖြင့်ပါ သင်္ကြန်ပိတ်ရက်များတွင် ဒုလ္လဘရဟန်းခံခြင်း၊ ဝိပဿနာ တရားစခန်းဝင်ခြင်းများ ဝင်လေ့ရှိကြကြောင်း၊ယခုနှစ်တွင်မူ မိဘရပ်ထံပြန်ဖို့ စဉ်းစားမိကြောင်း၊ ဝန်ထမ်းတစ်ဦးအနေဖြင့် ယခုလို ၁၀ရက် တစ်ဆက်တည်း အားလပ်ခွင့်ရခြင်းမှာထူးခြားပါကြောင်း၊ပို၍ထူးခြားသည်မှာ နှစ်သစ်ကူးအားလပ်ရက်ဖြစ်၍ ငယ်ရွယ်သူများအနေဖြင့် ပျော်ရွှင်စွာ အနားယူအပန်းဖြေပြီး နှစ်သစ်ကို ကူးပြောင်းနိုင်သလို ပြည်တွင်း၌ ဘုရားဖူး ခရီးထွက်ရာတွင် အချိန်လုံလောက်ပြီဖြစ်ကြောင်း” ပြောကြားသည်။

စိတ်နှလုံးချမ်းမြေ့

ထိုမှတစ်ဖန် ကြေးမုံသတင်းအဖွဲ့သည် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး အင်ဂျင်နီယာ ဌာနမှ လက်ထောက်ကြီးကြပ်ရေးမှူး ဦးမောင်မောင်အား တွေ့ဆုံရာတွင်

“မင်္ဂလာနှစ်သစ်ဖြစ်မည်၊ နိုင်ငံတော်ကို ကျေးဇူးတင်ပါသည်”
(ဦးစိန်မင်း၊ ကျွမ်းကျင်(၃)၊ မော်တော်ယာဉ် တပ်ဆင်ရေးဌာန၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန)

“နိုင်ငံ့ဝန်ထမ်းများအတွက် အလွန်ကောင်းသည့် သတင်းဖြစ်ကြောင်း၊ မိမိတို့လို အသက်အရွယ် ရလာပြီဖြစ်သူများအနေဖြင့် တရားစခန်းလည်း ဝင်၍ရမည်ဖြစ်သကဲ့သို့ သားသမီးများ၏ ရဟန်းခံရှင်ပြုကိစ္စများကိုလည်း စိတ်အေးလက်အေး ဆောင်ရွက်ခွင့်ရမည်ဖြစ်ကြောင်း၊ အလှူအတန်း ပြုရန်လည်းကောင်း၊ နှစ်ရှည်လများ ကွဲကွာနေသော ဆွေမျိုးသားချင်းများ ရှိရာသို့လည်းကောင်း သွားရောက်

“ယခုနှစ်တွင် မိဘရပ်ထံသို့ ပြန်ဖို့ စဉ်းစားထား”
(ဦးမြလှိုင်၊ အကြီးတန်းစာရေး၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)

လည်ပတ်နိုင်မည်ဖြစ်၍ နှစ်သစ်ကူး ရုံးပိတ်ရက် တိုးမြှင့်သတ်မှတ်ပေးခြင်းသည် မိမိနှင့် အခြားနိုင်ငံ့ဝန်ထမ်းများအတွက် စိတ်နှလုံးချမ်းမြေ့ဖွယ်ရာ ဖြစ်ရပါကြောင်း” ပြောကြားသည်။

မင်္ဂလာနှစ်သစ်

ဆက်လက်၍ အမှတ်(၂) စက်မှုဝန်ကြီးဌာန မော်တော်ယာဉ် တပ်ဆင်ရေးဌာနမှ ကျွမ်းကျင်အဆင့်(၃)ဦးစိန်မင်းအား တွေ့ဆုံရာတွင်“ယခင်သင်္ကြန်ပိတ်ရက်တွေမှာ ဒုလ္လဘရဟန်းခံ

“နိုင်ငံ့ဝန်ထမ်းများ အတွက် အလွန်ကောင်းသည့်သတင်းဖြစ်”
(ဦးမောင်မောင်၊ လက်ထောက်ကြီးကြပ်ရေးမှူး၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန)

ဖြစ်တယ်၊ တရားစခန်းဝင်တယ်၊ ဒါပေမယ့် အချိန်က မှန်းလို့မရဘူး၊ တစ်ခါတစ်လေ ရက်က မလုံလောက်ဘူးဖြစ်နေတယ်။ အခုတော့ ပိတ်ရက် ၁၀ရက် သတ်မှတ်ပေးတော့ လုံလောက်ပါပြီ။ ဒါမှမဟုတ် မိသားစုနဲ့ ခရီးဝေးသွားမယ်ဆိုရင်တောင် အရင်လို ကသီလင်တမဖြစ်တော့ဘူး၊ မင်္ဂလာနှစ်သစ်အတွက် နိုင်ငံတော်ရဲ့ စေတနာကို တန်ဖိုးထား ကျေးဇူးတင်ပါတယ်” ဟု လှိုက်လှိုက်လှဲလှဲဆိုပါသည်။

ပြည့်ပြည့်ဝဝ

ကြေးမုံသတင်းအဖွဲ့က ပဥ္စမနှင့် နောက်ဆုံးတွေ့ဆုံခဲ့သူမှာ ပြန်ကြားရေးဝန်ကြီးဌာနပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေစိစစ်နှင့်မှတ်ပုံတင်ဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးသန်းဖြစ်ပါသည်။ “ယခုလို နှစ်သစ်ကူးရုံးပိတ်ရက်တိုးမြှင့်သတ်မှတ်လိုက်သဖြင့် ပြောမပြတတ်အောင် ဝမ်းမြောက်မိကြောင်း၊ ယခင်က အားလပ်ရက်ရလျှင် ရသလို ကုသိုလ်ကောင်းမှုပြုခြင်း၊ သီတင်းသီလ ဆောက်တည်ခြင်းများပြုခဲ့သော်လည်း အချိန်နည်းခဲ့ကြောင်း၊ ခရီးဝေးထွက် အပန်းဖြေခြင်း၊ ဘုရားဖူးထွက်ခြင်းများ မပြုနိုင်သည်မှာကြာပြီ ဖြစ်ကြောင်း။

“နှစ်သစ်မှာ အင်သစ်အားသစ်ဖြင့် လုပ်ငန်းတာဝန်များ ထမ်းရွက်နိုင်မည်”
(ဒေါ်အေးသန်း၊ လက်ထောက်ညွှန်ကြားရေးမှူး၊ စာပေစိစစ်နှင့်မှတ်ပုံတင်ဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း)

ယခုလို နှစ်သစ်ကူးကာလ ရုံးပိတ်ရက်ကို တိုးမြှင့် သတ်မှတ်လိုက်၍ ပြည့်ပြည့်ဝဝအနားယူနိုင်မည်ဖြစ်ပြီး နှစ်သစ်၌လည်း အင်သစ်အားသစ်ဖြင့် လုပ်ငန်းတာဝန်များကို အင်တိုက်အားတိုက် ထမ်းရွက်သွားနိုင်မည်ဖြစ်ပါကြောင်း” ပြောကြားသွားသည်။

တုံ့ပြန်ပြောကြား

ကြေးမုံသတင်းအဖွဲ့သည် လက်လှမ်းမီရာ နိုင်ငံ့ဝန်ထမ်းများနှင့် လျှပ်တစ်ပြက် တွေ့ဆုံကာ နှစ်သစ်ကူးရုံးပိတ်ရက်သတ်မှတ်ခြင်းနှင့် ပတ်သက်၍ ဝန်ထမ်းများက နိုင်ငံတော်၏ စေတနာကို ဝမ်းမြောက်ဝမ်းသာ တုံ့ပြန်ပြောကြားမှုများအား တစ်ဆင့်ပြန်လည် တင်ပြလိုက်ရပါသည်။

ယခုကဲ့သို့ နိုင်ငံတော်က နိုင်ငံ့ဝန်ထမ်းများ ဘာသာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် တစ်နှစ်တာအတွက် အပန်းဖြေအနားယူနိုင်ရန် နှစ်သစ်ကူးရုံးပိတ်ရက် တိုးမြှင့်သတ်မှတ်ခြင်းအပေါ် နိုင်ငံ့ဝန်ထမ်းများကလည်း နိုင်ငံတော်၏စေတနာကို ကျေးဇူးတုံ့ပြန်သောအားဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေး လုပ်ငန်းစဉ်တွင် မိမိတို့ကျရာ အခန်းကဏ္ဍမှ တက်တက်ကြွကြွ အင်ပြည့်အားပြည့် ပါဝင်ထမ်းဆောင်သွားကြမည်ဟု အလေးအနက် ယုံကြည်မိပါသည်။ ။

မြန်မာ့နှစ်သစ်ကူး အခါသမယတွင် ကောင်းမှုကုသိုလ်များ ပြုလုပ်နိုင်ရန်နှင့် နိုင်ငံ့ဝန်ထမ်းများ တစ်နှစ်တာအတွက် အနားယူ အပန်းဖြေနိုင်စေရန် သင်္ကြန်အကြိုနေ့မတိုင်မီ တစ်ရက်မှစ၍ (၁၀)ရက်တိတိကို နှစ်သစ်ကူး ရုံးပိတ်ရက် အဖြစ် သတ်မှတ်လိုက်ခြင်းဖြစ်။

အီတလီနိုင်ငံ ဗိုက်စင်ဇာမြို့၌ အမေရိကန်စစ်အခြေစိုက်စခန်း တိုးချဲ့မည့်အစီအစဉ်အား ကန့်ကွက်ဆန္ဒပြနေသည်ကို ဖေဖော်ဝါရီ ၁၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်စစ်စခန်းတိုးချဲ့မည့် အစီအစဉ် အီတလီ ဗိုက်စင်ဇာမြို့တွင် ကန့်ကွက်ဆန္ဒပြ

ဗိုက်စင်ဇာ(အီတလီ) ဖေဖော်ဝါရီ ၁၇

အီတလီနိုင်ငံမြောက်ပိုင်း ဗိုက်စင်ဇာမြို့တွင် အမေရိကန်စစ်စခန်း တိုးချဲ့မည့် အစီအစဉ်ကို ကန့်ကွက်သည့် အနေဖြင့် ဒေသခံပြည်သူ သိန်းနှင့်ချီကာ စနေနေ့က ဆန္ဒပြကြကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဗိုက်စင်ဇာမြို့တွင် အမေရိကန်တပ်ဖွဲ့အတွက် လေတပ် အခြေစိုက်စခန်းတိုးချဲ့မည့် အစီအစဉ်ကို ဝန်ကြီးချုပ် ရိုမာနိုပရိုဒီ၏အစိုးရအဖွဲ့မှ ဝန်ကြီးအချို့က ကန့်ကွက်ခဲ့ကြသည်။

ဆန္ဒပြ

ဗိုက်စင်ဇာတွင် ကျင်းပသည့် စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် "စစ်စခန်းများ အလိုမရှိ", "အမေရိကန်တပ်ဖွဲ့ ပြန်သွား" စသည့် စာတန်းများပါရှိသော ပိုစတာများကိုကိုင်ဆောင်ကာကန့်ကွက်ဆန္ဒပြကြသည်။

စုဝေးရောက်ရှိ

စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် ပါဝင်ရန် အီတလီနိုင်ငံတစ်ဝန်းမှ ငြိမ်းချမ်းရေး လှုပ်ရှားသူများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းသူများက ယင်းမြို့သို့ စုဝေးရောက်ရှိလာသည်။ ဆန္ဒပြကြသည့် အင်အားမှာ တစ်သိန်းကျော်ရှိသည်ဟု ခန့်မှန်းရကြောင်း သတင်းများတွင် ဖော်ပြသည်။

လုံခြုံရေးစောင့်ကြပ်

ဆန္ဒပြပွဲ ကျင်းပနေချိန်အတွင်း ရဲတပ်ဖွဲ့ရဟတ်ယာဉ်များက အမေရိကန်စစ်စခန်းအပေါ်မှ ပျံသန်းကာ လုံခြုံရေးစောင့်ကြပ်ပေးခဲ့ကြသည်။

ကန့်ကွက်

ဝန်ကြီးချုပ် ပရိုဒီ၏ ညွန့်ပေါင်းအဖွဲ့မှ ပါတီအများအပြားက အီတလီတွင် အမေရိကန် စစ်ရေးတည်ရှိမှုကို ကန့်ကွက်ခဲ့ကြသည်။

အင်တာနက်။

ကမ်းလွန်ရေနံရှာဖွေထုတ်လုပ်ရေး ဆိုက်ပရပ်စ်တင်ဒါခေါ်ယူ

နီကိုးရှား ဖေဖော်ဝါရီ ၁၇

တူရကီနိုင်ငံက ကန့်ကွက်နေသည့်ကြားမှ ဆိုက်ပရပ်စ်နိုင်ငံက မြေထဲပင်လယ်အရှေ့ပိုင်းတွင် ကမ်းလွန်ရေနံစူးစမ်းရှာဖွေရေးနှင့် ထုတ်လုပ်ခွင့်အတွက် ကြာသပတေးနေ့တွင် ပထမအကျော့ တင်ဒါခေါ်ယူကြောင်း ဆင်ဟွာသတင်းအရ သိရှိရသည်။

ပထမအကျော့ တင်ဒါခေါ်ယူမှုမှာဇူလိုင် ၁၆ ရက်တွင် ပြီးဆုံးမည်ဖြစ်သည်ဟု ဆိုက်ပရပ်စ်မှ တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

<u>ပူးပေါင်းဆောင်ရွက်</u>

ရေနံနှင့် ဓာတ်ငွေ့ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်များ လက်မှတ်ရေးထိုးထားသည့် အီဂျစ်နိုင်ငံမှ ရေနံဝန်ကြီး အမင်ဖက်ရှ်မီလည်း အဆိုပါအခမ်းအနားသို့ တက်ရောက်ခဲ့သည်။ ဆိုက်ပရပ်စ်နိုင်ငံ၏ အနောက်တောင်ပိုင်းဒေသတွင် တည်ရှိသည့် ရေနံဓာတ်ငွေ့လုပ်ကွက် ၁၁ ခုတွင် နောက်ထပ် စူးစမ်းရှာဖွေမှုများ ပြုလုပ်ရန်အတွက် ကုမ္ပဏီများက တင်ဒါ တင်သွင်းကြမည် ဖြစ်သည်။

စတုရန်းကီလိုမီတာ ၇၀၀၀၀ ရှိ ရေနံလုပ်ကွက်တွင် ကနဦးအဆင့် လေ့လာမှုများအရ တွေ့ရှိချက်များမှာ အားရစရာကောင်းလှပြီး ပင်လယ်အောက်အနက် မီတာ ၄၀၀ မှ ၃၀၀၀ အတွင်း ဟိုက်ဒရိုကာဗွန်ဓာတ်ငွေ့သိုက် ရှိနေကြောင်း နော်ဝေးကုမ္ပဏီ ဒေသဆိုင်ရာ အကြီးအကဲက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဖေဖော်ဝါရီ ၁၇ရက်က ဂျာမနီ နိုင်ငံတွင် ကျင်းပသော ဘာလင်ရုပ်ရှင်ပွဲတော်တွင် ရွှေဝက်ဝံဆုရရှိသည့် တရုတ်ဒါရိုက်တာဝန်ကျူယန်း(ယာ)နှင့် တရုတ်မင်းသမီး နန်းယုတို့အား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အိန္ဒိယလေဆိပ်များ၌ ဓာတ်မှန်စက်များ အသုံးမပြုတော့

နယူးဒေလီ ဖေဖော်ဝါရီ ၁၇

အိန္ဒိယလေဆိပ်များတွင် လုံခြုံရေးအရ စစ်ဆေးနိုင်ရန် ဝယ်ယူခဲ့သည့် ဓာတ်မှန်နည်းပညာသုံး ခန္ဓာကိုယ်ရှာဖွေသည့် စက်များသည် ခရီးသည်များ၏ တစ်ကိုယ်ရေ လွတ်လပ်မှုကို ထိခိုက်စေနိုင်သဖြင့် အသုံးပြုတော့မည်မဟုတ်ကြောင်း သတင်းစာက သောကြာနေ့တွင် ရေးသားသည်။

အိန္ဒိယနိုင်ငံလေဆိပ်များ၏ လုံခြုံရေးတာဝန်ကို အဓိကတာဝန်ယူထားသည့် ဗဟိုလုံခြုံရေးတပ်ဖွဲ့ (စီအိုင်အက်စ်အက်ဖ်)က လေယာဉ်အပိုင်စီးမှု ဘေးအန္တရာယ်မှ ကာကွယ်နိုင်ရန် လေဆိပ် ၁၆ ခုအတွက် ခေတ်မီဓာတ်မှန်နည်းပညာသုံး ခန္ဓာကိုယ်ရှာဖွေသည့်စက်များကို ဝယ်ယူတပ်ဆင်ရန် လွန်ခဲ့သည့်နှစ်က ဆုံးဖြတ်ခဲ့သည်။

အဆိုပါ စက်များသည် ခေတ်မီဓာတ်မှန်နည်းပညာ အသုံးပြုထားပြီး လက်နက်များ သိုဝှက်ထားသည့်တိုင်အောင် ထောက်လှမ်းနိုင်သည့် စက်များဖြစ်သည်။

ပထမဆုံးသောစက်ကို ဒေလီရှိ နိုင်ငံတကာလေဆိပ်အတွက် တပ်ဆင်ရန် ယူဆောင်လာခဲ့သော်လည်း ယခုအခါ အသုံးမပြုဘဲထားသည်ဟု ဟိန္ဒူစတန်တိုင်းမ် သတင်းစာက ဖော်ပြသည်။

အမ်အင်အေ၊ ရိုက်တာ။

ဗုဒ္ဓရုပ်ပွားတော်တစ်ဆူအား တရုတ်သို့ သီရိလင်္ကာလက်ဆောင်ပေး

ကိုလံဘို ဖေဖော်ဝါရီ ၁၇

သီရိလင်္ကာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဗုဒ္ဓရုပ်ပွားတစ်ဆူနှင့် ဆင်ငယ်တစ်ကောင်ကို ဖေဖော်ဝါရီ ၁၅ရက်ကလက်ဆောင်အဖြစ် ပေးအပ်လိုက်သည်။

သံတမန်ဆက်ဆံရေး

လက်ဆောင်ပေးထားသော ဆင်ငယ်ကလေးမိဂါရာကို ကိုလံဘိုအပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စင်းလုံးငှားလေယာဉ်ဖြင့် တရုတ်နိုင်ငံသို့ ကြာသပတေးနေ့က ပေးပို့ခဲ့သည်။ တရုတ်နိုင်ငံနှင့် သီရိလင်္ကာနိုင်ငံတို့၏ သံတမန်ဆက်ဆံရေးနှစ် ၅၀ပြည့်အထိမ်းအမှတ်အနေဖြင့် ယခုကဲ့သို့ ဆင်လက်ဆောင်ပေးခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ ကရုဏာသီလိစ်အမုနုဂါမက ပြောကြားသည်။

ချစ်ကြည်ရေးလက်ဆောင်မွန်

ထိုလက်ဆောင်နှင့်အတူ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူကိုလည်း တစ်ပါတည်း ပင့်ဆောင်သွားသည်။ သီရိလင်္ကာနိုင်ငံသမ္မတ မဟိန္ဒာရာဂျာပတ်ဆေးတရုတ်နိုင်ငံသို့ သွားရောက်ခြင်းမပြုမီ ချစ်ကြည်ရေးလက်ဆောင်မွန်များကို ကြိုတင်၍ပေးပို့ခြင်း ဖြစ်သည်ဟုဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ

အကြမ်းဖက်တိုက်ခိုက်မှုကာကွယ်ရန် အစ္စလမ္မာဘတ်တွင် လုံခြုံရေး တင်းကျပ်

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၁၇

ပါကစ္စတန်နိုင်ငံ၏ မြို့တော် အစ္စလမ္မာဘတ်မြို့တွင် အကြမ်းဖက်သမားများက ထိုးဖောက်ဝင်ရောက်ကာ တိုက်ခိုက်မှုများ ပြုလုပ်နိုင်ဖွယ်ရှိသည်ဟူသောသတင်း ပေါ်ထွက်လာပြီးနောက် မြို့တော်တွင် လုံခြုံရေးတင်းကျပ်ထားကြောင်း အရုဏ်ဦးအမည်ရှိ သတင်းစာက သောကြာနေ့တွင် ရေးသားသည်။

စတင်စစ်ဆေး

အကြမ်းဖက်သမားအဖြစ်သင်္ကာမကင်းသူများ အစ္စလမ္မာဘတ်နှင့် ရာဝါပင်ဒီမြို့တို့ရှိ ဟိုတယ်များတွင် တည်းခိုနေထိုင်ခြင်း ရှိ၊ မရှိ လုံခြုံရေးဝန်ထမ်းများက စတင် စစ်ဆေးနေပြီဖြစ်သည်။

ရထားဘူတာရုံနှင့် ဘတ်စ်ကားဂိတ်များတွင် စောင့်ကြည့်ထောက်လှမ်းမှုများ ပြုလုပ်နေပြီး နိုင်ငံအတွင်းရှိ လေဆိပ်များကိုလည်း လုံခြုံရေး တပ်လှန့်ထားသည်။

အရေးကြီးသည့်အဆောက်အအုံများ၊ အစိုးရရုံးများနှင့် ဈေးများတွင်လည်း လုံခြုံရေးမြှင့်တင်ထားသည်။

သံတမန်များနေထိုင်သည့် နယ်မြေနှင့် သံရုံးရှိရာနေရာများတွင်လည်း လုံခြုံရေး တင်းကျပ်ထားပြီး အထူးတပ်ဖွဲ့ဝင်များဖြန့်ကြက်ထားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ ငါးပြတိုက်တစ်ခုကို ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

၂၀၀၇ ခုနှစ် မတ်လတွင် ကျင်းပမည့် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေးနှင့် စံချိန်တင် ရောင်းချရရေး ဝိုင်းဝန်း ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

၂၀၀၇ ခုနှစ် မတ်လတွင် ကျင်းပမည့် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ မေလိခ ခန်းမ၌ ကျင်းပရာ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီနာယက၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး ဉာဏ်ထွန်းအောင်နှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီအတွင်းရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေနှင့် ဗဟိုကော်မတီဝင်များ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်ဆပ်ကော်မတီ အသီးသီးမှ အတွင်းရေးမှူးများနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ရှေးဦးစွာ မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက၊ သတ္တုတွင်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က အမှာစကား ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် (၄၄)ကြိမ်မြောက် မြန်မာ့ ကျောက်မျက်ရတနာပြပွဲ ဆပ်ကော်မတီ အသီးသီးမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများက ၂၀၀၇ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၈ရက်မှ ၂၀ရက်အထိ ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာနှင့် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာပြပွဲခန်းမတို့၌ ကျင်းပမည့် ပြပွဲ အစီအစဉ်များကို လည်းကောင်း၊ ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲများ ခင်းကျင်းပြသရောင်းချမည့် အစီအစဉ်များကိုလည်းကောင်း၊ ဘဏ္ဍာရေး၊ စီမံရေးရာ၊ လုံခြုံရေးနှင့် ပြန်ကြားရေး ဆပ်ကော်မတီအလိုက် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကိုလည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲသို့ တက်ရောက်ရန် ပြည်ပနိုင်ငံများမှ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအား ဖိတ်ကြားထားမှုအခြေအနေကိုလည်းကောင်း၊ ပြပွဲတွင် ရောင်းချမည့် ကျောက်မျက်ရတနာများအတွက် စည်းကမ်းသတ်မှတ်ချက်များကို လည်းကောင်း အသီးသီး ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက၊ ဝန်ကြီး ဗိုလ်မှူးချုပ် အုန်းမြင့်က ၂၀၀၇ ခုနှစ် မတ်လတွင်ကျင်းပမည့် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ အောင်မြင်ချောမောစွာ ကျင်းပနိုင်ရေးနှင့် ယခင်ကျင်းပခဲ့သည့် ကျောက်မျက်ရတနာပြပွဲများနည်းတူ စံချိန်တင်ရောင်းချရရှိနိုင်ရေးအတွက် အားလုံး တက်ညီလက်ညီ ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်ကြရန် နိဂုံးချုပ်အမှာစကား ပြောကြားကာ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

၂၀၀၇ ခုနှစ် (၄၄)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ အလုံလမ်း ဇမ္ဗူရတနာ ပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ဖေဖော်ဝါရီ ၁၈ ရက်က ကျင်းပသော ထားဝယ်အသင်း အကြိမ်(၈၀)မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် အလှူရှင်များက ငွေကျပ်၁၄၇သိန်းလှူဒါန်းကြရာ ဦးဆောင်နာယက ဦးလှတင်က အလှူရှင်များကိုယ်စား ဦးစိုးတင့်နှင့် ဦးဇော်ဘိုခန့်တို့အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ (က–ပ)

လူကုန်ကူးဂိုဏ်းမှ တရားခံ ၃၃ ဦးအား ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်များ ချမှတ်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မန္တလေးတိုင်း ရမည်းသင်းခရိုင် သီးသန့်တရားရုံးက ၂၀၀၆ ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလအတွင်း လူကုန်ကူးဂိုဏ်းမှ တရားခံ ၃၃ ဦးတို့အား ထောင်ဒဏ်တစ်သက်(သေဆုံးသည့်အချိန်အထိ အကျဉ်းထောင်တွင် ပြစ်ဒဏ်ကျခံရန်) အမိန့်ချမှတ်ခဲ့ကြောင်း သိရှိရသည်။

အမှုဖြစ်ပွားပုံမှာ တစ်ဖက်နိုင်ငံ နယ်စပ်မြို့တစ်မြို့ရှိ တည်းခိုခန်းတစ်ခု၌ မြန်မာအမျိုးသမီးငယ်နှစ်ဦးအား အဓမ္မပိတ်လှောင်ထားကြောင်း ၂၀၀၆ ခုနှစ် ဇူလိုင် ၂၀ ရက်တွင် မြန်မာနိုင်ငံသား တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးချက်အရ မူဆယ်ခရိုင်ရဲတပ်ဖွဲ့နှင့် မူဆယ် လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး အထူးအဖွဲ့တို့က တစ်ဖက်နိုင်ငံ ရဲတပ်ဖွဲ့နှင့် ပူးပေါင်း၍ အဆိုပါ အမျိုးသမီးငယ်နှစ်ဦးအား ကယ်တင်နိုင်ခဲ့ပြီး ပိတ်လှောင်ထားသူ တရားခံ ကျော်မြင့်နှင့် စိုးစိုးမာတို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့သည်။

နှစ်နိုင်ငံရဲတပ်ဖွဲ့ချင်း သတင်းဖလှယ်ဆက်စပ်ဖော်ထုတ်မှုအရ ပြည်တွင်းတရားခံ ၅၁ ဦး၊ ပြည်ပတရားခံ ၁၃ ဦး ပေါင်း ၆၄ ဦးတို့အား ဖော်ထုတ်နိုင်ခဲ့ပြီး ပြည်တွင်းတရားခံ ၅၁ ဦးအနက် ၃၃ ဦးအား ဖမ်းဆီးရမိ၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအရ အရေးယူခဲ့ကြောင်း၊ တရားခံများသည် ရန်ကုန်–မန္တလေး တစ်လျှောက်ရှိ မြို့နယ်များမှ အမျိုးသမီးငယ် ၄၉ ဦးတို့အား တစ်ဖက်နိုင်ငံတွင် ဝင်ငွေကောင်းသော အလုပ်ရမည်ဟု ဖြားယောင်းသွေးဆောင်စည်းရုံး၍ ခေါ်ဆောင်သွားပြီး တစ်ဖက်နိုင်ငံတွင် အခြေပြုနေသော ကျော်မြင့်၊ ရဲမျိုး(ခ)ဖက်တီး၊ စိုးစိုးမာနှင့် ဗေဒါဝင်းတို့မှတစ်ဆင့် ယင်းနိုင်ငံရှိ အမျိုးသားများနှင့် အဓမ္မလက်ထပ်ရန် ရောင်းစားခဲ့ကြကြောင်း။

ဖမ်းဆီးရမိခဲ့သော တရားခံများမှာ မူဆယ်မြို့မှ လေးဦး၊ ရမည်းသင်းမြို့မှ သုံးဦး၊ ရန်ကုန်မြို့မှ ခြောက်ဦး၊ သန်လျင်မြို့မှ ခုနစ်ဦး၊ ပျော်ဘွယ်မြို့မှ ၁၁ ဦး၊ တစ်ဖက်နိုင်ငံအခြေပြု မြန်မာနိုင်ငံသားနှစ်ဦး စုစုပေါင်း ၃၃ ဦးဖြစ်ကြောင်း။

အဆိုပါ တရားခံများအား ရမည်းသင်းခရိုင် တရားရုံးတွင် သီးသန့်တရားရုံးဖွင့်လှစ်၍ စစ်ဆေးပြီး ပြင်းထန်ထိရောက်သော ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကျော်မြင့်(ခ)အောင်အောင်

ရဲမျိုး(ခ)ဖက်တီး

စိုးစိုးမာ

ဗေဒါဝင်း

တစ်ဖက်နိုင်ငံအခြေပြု လူကုန်ကူးမှု တရားခံလေးဦးအား တွေ့ရစဉ်။ (ဓာတ်ပုံ–မြန်မာနိုင်ငံရဲတပ်ဖွဲ့)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉–၂–၂၀၀၇ (တနင်္လာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	လွတ်လပ်မှုနိဗ္ဗာန်ရမည် တရားတော် (ဓမ္မဒူတအရှင်ဆေကိန္ဒ)
၈း၂၀	အားသစ်လောင်းမည့် သရုပ်ဆောင်သစ်ကဏ္ဍ
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	Fashion Guide (မယ်လိုဒီ)
၉း၁၅	တေးဂီတအစီအစဉ်
၉း၂၀	စာပေပညာရှင်များပူဇော်ပွဲနှင့် မြန်မာစာဂုဏ်ထူးရှင်များ ဂုဏ်ပြုပွဲ
၉း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	အဆင်းရောအချင်းပါ ပြည့်စုံတဲ့မြစ်မင်းဧရာဝတီကို စုန်ဆင်းခြင်းခရီးတစ်ခေါက်
၁၀း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၅	ကျန်းမာပျော်ရွှင် မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း) (အမျိုးသမီး မီးယပ်ရောဂါဆိုင်ရာပြဿနာများ)
၁၁း၁၅	မိုးလေဝသခန့်မှန်းချက်
၁၁း၂၀	ရော်ဘာစိုက်ပျိုးပြည်အကျိုး ဆတိုးဆောင်ရွက်စီးပွားတက်
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	ကျန်းမာစေမည်ပဲပိစပ်ဆီ
၁၁း၄၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၅၅	အဏ္ဏဝါထဲမှရတနာ (ကဏန်းပျော့)
၁၂း၀၅	တေးဂီတအစီအစဉ်
၁၂း၁၀	အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ (စိုးသူ၊နန်းကလျာလှိုင်၊ ကျော်မင်းနောင်၊ ကောင်းစျာန်သစ်) (ဒါရိုက်တာ–စောစန္ဒာလှိုင်)
၁၂း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၅	သွားကျန်းမာရေးပညာပေး ဟောပြောပွဲနှင့်အခမဲ့ ကွင်းဆင်းကုသခြင်း
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သာသနာတော် အဓွန့်ရှည်စေဖို့

တင့်လွင်(ဒဂုံမြေ)

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် ရှေးပဝေသဏီကပင် ပထဝီအနေအထားအရ နယ်မြေချင်း ထိစပ်လျက်ရှိပြီး တစ်နိုင်ငံနှင့်တစ်နိုင်ငံ စီးပွားရေးအရ အပြန်အလှန်အားဖြင့် ကူးလူးဆက်ဆံနေကြပေသည်။ ထိုနှစ်နိုင်ငံ ပြည်သူတို့၏ ကူးလူးဆက်ဆံမှုတို့ကြောင့် မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် ရောက်ရှိနေသည်မှာ နှစ်ပရိစ္ဆေဒအားဖြင့် ကြာညောင်းခဲ့လေပြီ။ ခရစ်နှစ် ၁၀၄၄ ခုနှစ်တွင် ပုဂံနေပြည်တော်၌ အနော်ရထာမင်း နန်းတက်တော်မူသည်။ အနော်ရထာမင်းသည် လက်ရုံးရည်၊ နှလုံးရည်နှင့် ပြည့်စုံ၏။ ဉာဏ်ပညာကြီးမား၏။ လူစွမ်းကောင်းများကို မြတ်နိုး၏။ အယူဝါဒဟောင်းကြီးများကို လက်မခံပေ။ အထူးအားဖြင့် ရဲစွမ်းသတ္တိနှင့် ပြည့်စုံခြင်းပင် ဖြစ်ပေသည်။ အနော်ရထာမင်းကြီးသည် ရှင်အရဟံမထေရ်မြတ်ကို ဖူးတွေ့ရ၏။ ထိုမထေရ်မြတ် ဟောကြားသည့် မြတ်ဗုဒ္ဓ၏ တရားတော်များကို နာယူရသဖြင့် မိမိ၏ စိတ်အစဉ်တွင် ပီတိတွေ ဖုံးလွှမ်းကာ ရွှင်လန်းခြင်း၊ တက်ကြွခြင်း၊ ကြည်နူးခြင်း၊ ဝမ်းမြောက်ခြင်းတို့ ဖြစ်လေတော့၏။

ထို့နောက် အနော်ရထာမင်းကြီးသည် ရှင်အရဟံမထေရ်မြတ်ကို နန်းတော်သို့ ပင့်ဆောင်ပြီး နန်းဦးဆရာတော်အဖြစ် ကိုးကွယ်တော်မူ၏။ သံဃရာဇာသာသနာပိုင်အဖြစ် တင်မြှောက်ပြီး သန့်ရှင်းစင်ကြယ်သော ဗုဒ္ဓသာသနာတော်ကို ဖော်ထုတ်ခဲ့၏။

မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် မြန်မာတို့၏ ထီးနန်းကို ကိုလိုနီနယ်ချဲ့သမားတို့သည် ရိုက်ချိုးခဲ့ကြလေပြီ။ ထိုအခါ ဗုဒ္ဓဘာသာကို အားပေးချီးမြှောက်မှုမရှိသဖြင့် မြန်မာပြည်၏ သာသနာတော်သည် ဂုဏ်ရောင်မတောက်ညှိုးမှိန်ခြင်းဘဝသို့ ရောက်ခဲ့ရလေ၏။ ထိုကိုလိုနီဘဝ၏ ဆိုးကျိုးများမှာ လွတ်လပ်ရေးရသည့် ကာလတိုင်အောင်ပင် ဖြစ်ပေ၏။ မြန်မာစကားပုံတွင် "တောမီးလောင် တောကြောင်လက်ခမောင်းခတ်"ဟူ၍ ရှိ၏။ သာသနာတော်ကြီး ညှိုးမှိန်အားနည်းရသည့်အထဲ သာသနာတော်ကို အန္တရာယ်ပြုမည့် သာသနပစ္စတ္ထိက (သာသနာ့ရန်သူ) သာသနာ့အညစ်အကြေးများ မြန်မာနိုင်ငံနေရာဒေသများတွင် အလျှိုအလျှို ပေါ်ပေါက်လာကြကုန်၏။ အချို့သောပုဂ္ဂိုလ်များသည် သံဂါယနာ ခြောက်ကြိမ်တိုင် တင်ခဲ့ကြသော ဘုရားဟောထေရဝါဒတရားတော်များကို ဘုရားဟော မဟုတ်သယောင် ရေးသားကြ၊ ပြောဆိုကြ၏။

မြန်မာသက္ကရာဇ် ၁၃၄၁ ခုနှစ်များတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ရှိသော ဂိုဏ်းပေါင်းစုံ သံဃာတော် တစ်သိန်းကျော်တို့က သမ္မုတိပေး၍ ရွေးချယ်ခဲ့သည့် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ် ၁၂၁၈ ပါးတို့သည် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ၁၃၄၂ ခုနှစ် နယုန်လဆန်း ၁၁ ရက်မှ ၁၄ ရက် (၁၉၈၀ ပြည့်နှစ် မေလ ၂၄ ရက်မှ ၂၇ ရက်အထိ) လေးရက်တိုင်တိုင် ဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး ကျင်းပပြုလုပ်နိုင်ခဲ့ကြလေသည်။ ယင်းဂိုဏ်းပေါင်းစုံ သံဃာ့အစည်းအဝေးပွဲကြီး၌-

- **နိုင်ငံတော် သြဝါဒါစရိယအဖွဲ့**
- **နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့**
- **နိုင်ငံတော် သံဃမဟာနာယကအဖွဲ့**
- **ပြည်နယ်/တိုင်း သံဃနာယကအဖွဲ့**
- **မြို့နယ် သံဃနာယကအဖွဲ့**
- **ရပ်ကွက်/ကျေးရွာ သံဃနာယကအဖွဲ့**

ဟူ၍ ဆိုင်ရာဆိုင်ရာတာဝန်များကို ဆောင်ရွက်နိုင်ရန် အဖွဲ့အစည်းခြောက်ဖွဲ့ကို ခွဲဝေသတ်မှတ်ကြပါသည်။ ထို့ပြင် သံဃာ့အဖွဲ့အစည်းအဆင့်ဆင့်တို့ သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်ကြရာ၌ မှီငြမ်းပြုစုနိုင်စေရန်-

- **သံဃာ့အဖွဲ့အစည်းအခြေခံစည်းမျဉ်း**
- **သံဃာ့အဖွဲ့အစည်း လုပ်ထုံးလုပ်နည်းများ**
- **ဝိနည်းဓမ္မကံ အဓိကရဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ**

စသည်တို့ကို ရေးဆွဲခဲ့ကြသည်။

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏တာဝန်

နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့က ရွေးချယ်ဖွဲ့စည်းပေးထားသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သည် ၄၇ပါးရှိပေသည်။ ယင်းဆရာတော်ကြီးများက သာသနာ့ရေးရာကိစ္စများ၊ ဝိနိစ္ဆယရေးရာကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို ဆောင်ရွက်တော်မူကြသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်နှင့် အကျိုးတော်ဆောင် ဆရာတော်နှစ်ပါးမှအပ ကျန်အဖွဲ့ဝင်ဆရာတော်၄၅ပါးတို့သည် တစ်ဖွဲ့၁၅ပါးစီခွဲ၍ သုံးဖွဲ့ဖွဲ့စည်းတော်မူ၏။ ယင်းသုံးဖွဲ့သည် အလှည့်ကျအဖြစ် တစ်ဖွဲ့လျှင် လေးလတစ်ကြိမ်ကမ္ဘာအေး မဟာနာယကကျောင်းတော်ကြီး၌ သီတင်းသုံးတော်မူကြရသည်။ ဥက္ကဋ္ဌဆရာတော်ကြီးနှင့် အကျိုးတော်ဆောင်ဆရာတော်ကြီးနှစ်ပါးသည် အဖွဲ့သုံးဖွဲ့လုံးနှင့် သက်ဆိုင်တော်မူ၏။ မဟာနာယကကျောင်းတော်ကြီးတွင် သီတင်းသုံးတော်မူကြ၏။

နိုင်ငံတော်သံဃမဟာနာယကဆရာတော် ၁၅ပါး ပါဝင်သော ပထမ၊ ဒုတိယ၊ တတိယ အဖွဲ့ခွဲများတွင်လည်း ဆရာတော် ငါးပါးစီခွဲပြီး ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာအဖွဲ့ငယ်များအဖြစ် လုပ်ငန်းရပ်များကို တာဝန်ယူဆောင်ရွက်ကြရပေသည်။

သာသနာရေးရာကိစ္စရပ်များတွင် သံဃအဖွဲ့အစည်းအဆင့်ဆင့် ရွေးချယ်ဖွဲ့စည်းခြင်း၊ အစားထိုးခြင်းဆိုင်ရာပြဿနာများစိစစ်ခြင်း၊ ဓမ္မ၊ အဓမ္မစသော အငြင်းပွားမှုများကို စိစစ်ဆောင်ရွက်ခြင်း၊ ဝါဆိုသံဃာနှင့် သီလရှင်စာရင်းကောက်ယူခြင်း၊ ဗဒ္ဓသိမ်၊ သာသနာ့မြေကိစ္စ၊ ကျောင်းဆောက်ခြင်း၊ စေတီသစ်တည်ခြင်း၊ စေတီဟောင်းများပြုပြင်ခြင်း၊ ဈာပနကိစ္စ၊ ညွှန်ကြားလွှာများ စိစစ်ထုတ်ပြန်ခြင်း စသည့် သာသနာရေးရာကိစ္စရပ်များ ပါရှိပါသည်။

ထို့အပြင် သာသနာတော်ထွန်းကားပြန့်ပွားရေးဆိုင်ရာ လုပ်ငန်းရပ်များနှင့် စပ်လျဉ်း၍ ထေရဝါဒဗုဒ္ဓသာသနာ့ပြုသြဝါဒါစရိယအဖွဲ့၏ ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များ၊ သာသနာပြုလုပ်ငန်းများ၊ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲများ၊ ကျောင်းထိုင်ဘုန်းတော်ကြီးသင်တန်းကျောင်းကိစ္စ၊ ပြည်တွင်းပြည်ပ သာသနာရေးလုပ်ငန်းများ၊ နယ်စပ်နှင့်တောင်တန်းဒေသများ၌ ရတနာသုံးပါး ယုံကြည်သက်ဝင်ပူဇော်ပွဲများ စသည့်သာသနာရေးရာကိစ္စရပ်များပါရှိပါသည်။ ပညာရေးရာကိစ္စရပ်များတွင် ပရိယတ္တိ စာမေးပွဲများကိစ္စ၊ စာပေစိစစ်ရေး၊ ဗုဒ္ဓဘာသာစာမူများကို စိစစ်ခြင်း၊ တိပိဋက ပါဠိ-မြန်မာအဘိဓာန်ကျမ်းကြီးများ ပြုစုဆောင်ရွက်ခြင်း စသည့်ပညာရေးရာလုပ်ငန်းရပ်များ ပါရှိပါသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ငယ် ဆရာတော်များသည် လုပ်ငန်းကိစ္စရပ်များပေါ်တွင် စိစစ်ဆွေးနွေးရသည်များကို မှတ်ချက် ရေးသား ပေးတော်မူကြ၍ အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း အဖွဲ့ခွဲ ၁၅ပါး အစည်းအဝေးတွင် သဘောထားများတင်ပြကြရ၏။ ဥပတ္ထမ္ဘက ဝန်ထမ်းများ၏ အကူအညီဖြင့် တင်လွှာများနှင့် တင်ပြလျှောက်ထားကြ၏။ ၁၅ ပါးအဖွဲ့ခွဲက ဆွေးနွေးညှိနှိုင်းဆုံးဖြတ်ကြသည်။ လေးလတစ်ကြိမ် ကျင်းပသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ပါးစုံညီအစည်းအဝေးသို့ တင်ပြရန်ရှိသည်များကို စီစဉ်ထားကြသည်။

နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများသည် ပြည်နယ်/တိုင်း အသီးသီးတွင် ပရိယတ္တိကျောင်းတိုက်ကြီးများကို စီမံအုပ်ချုပ်လျက် အနာဂတ်သာသနာရေးအတွက် တပည့်ရဟန်း၊ သာမဏေများကို ပြုစုပျိုးထောင်၍ ဂန္ထဓုရ၊ ဝိပဿနာဓုရသာသနာ့လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေကြသည်။ နိုင်ငံတော် သံဃမဟာ နာယကဆရာတော်ကြီးများသည် မိမိပဓာနမူလကျောင်းတိုက်ကြီးများတွင် နေတော်မမူကြရဘဲ ကမ္ဘာအေးတွင် လေးလတာ သီတင်းသုံးကာ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးလုပ်ငန်းကိစ္စရပ်များကို ပင်ပန်းလှသည်ဟု သဘောမထား၊အရွယ်တော်ကိုမငဲ့နိုင်၊ သာသနာတော်အတွက် တာဝန်ကျေပွန်ရေးကို စိတ်ရေးရှုနေကြပေသည်။ တစ်ဖက်က အရွယ်တော်အလိုက် ကျန်းမာရေးကို ဂရုစိုက်ကြရသည်။ တစ်ဖက်က တာဝန်ကျရာ ဝိနိစ္ဆယရေးရာ၊ သာသနာရေးရာ၊ ပညာရေးရာများကို လစ်ဟင်းချို့ယွင်းမှုမရှိအောင် ဆောင်ရွက်တော်မူကြပါသည်။ လုပ်ငန်းရပ်များကို ပီပီပြင်ပြင် လေ့လာမှတ်သားကြရ၊ ကွင်းဆင်းစိစစ်စစ်ဆေးကြရသည်။ သဘောထားများ အပြန်အလှန် ဆွေးနွေးညှိနှိုင်း ဆုံးဖြတ်ကြပါသည်။ ဆုံးဖြတ်ချက် မှန်ကန်ရေးအတွက် ပြည့်စုံတိကျမှန်ကန်သော အချက်အလက်များကို ရှာဖွေစုဆောင်း ဖော်ထုတ်ကြပေသည်။ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော်ကြီးနှင့် အကျိုးတော်ဆောင် ညောင်တုန်းဆရာတော်ကြီးတို့သည် သက်တော် (၈၅)နှစ် ရောက်ပြီဖြစ်သော်လည်း သက်တော်ရွယ်တော်မငဲ့အဖွဲ့ဝင်ဆရာတော်များ နည်းတူပင် သာသနာ့တာဝန်ကို လုံ့လကြိုးကုတ် အားထုတ်ဆောင်ရွက်တော်မူ နေကြပေသည်။ ဥက္ကဋ္ဌ ဆရာတော်ကြီးသည် သာသနာတော်အတွက် နိုင်ငံတော်အတွက် တပည့် ဒါယကာ၊ ဒါယိကာမများနှင့် အများပြည်သူ ကုသိုလ်ရှင်များအတွက် ငဲ့လျက် ကုသိုလ်အမှု ကောင်းစွာပြုနိုင်ရေးကို စောင့်ရှောက်၊ ထောက်ပံ့ချီးမြှင့်တော်မူရရာ ကျန်းမာရေးချို့တဲ့သဖြင့် ဆေးရုံများသို့ အခါခါတက်၍ ဆေးကုသမှုခံတော်မူရသည်အထိ ဖြစ်ပါသည်။

ကမ္ဘာအေးကုန်းမြေတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ (၄၇)ပါးသည် အလှည့်ကျအားဖြင့် သီတင်းသုံးတော်မူသကဲ့သို့ နိုင်ငံတော် သံဃဝိနိစ္ဆယအဖွဲ့ဝင်ဆရာတော် ၁၅ပါးတို့သည်လည်း ဝိနိစ္ဆယမှုခင်းများအလိုက် စစ်ဆေးဆုံးဖြတ်ရန် ကမ္ဘာအေးအပရဂေါယာနကျောင်းဆောင်၌ သီတင်းသုံးတော်မူကြပါသည်။ ထို့အတူပင် နိုင်ငံတော်သီးခြား ဝိနည်းဓိုရ်အဖွဲ့ဝင်ဆရာတော်များသည်လည်း အခါအားလျော်စွာ သီးခြား ဝိနိစ္ဆယမှုခင်းများကို စစ်ဆေးဆုံးဖြတ်ရန် ဥတ္တရကုရုကျောင်းဆောင်၊ ပုဗ္ဗဝိဒေဟကျောင်းဆောင်၊ ဇမ္ဗူဒီပကျောင်းဆောင်များ၌ သီတင်းသုံးတော်မူကြပါသည်။

နိုင်ငံတော်အဆင့် ဝိနိစ္ဆယအဖွဲ့ဝင်ဆရာတော်များသည် ဝိနိစ္ဆယမှုခင်းများကို စစ်ဆေးဆုံးဖြတ်ရန် နိုင်ငံတော် သံဃနာယကအဖွဲ့က ရွေးချယ်တာဝန်ပေးထားသော နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်များပင်ဖြစ်သည်။ ထိုဝိနည်းဓိုရ်ဆရာတော်ကြီးများသည် ဝိနိစ္ဆယမှုခင်းဖြစ်စဉ်ကို လေ့လာစိစစ်ခြင်း၊ စောဒကစုဒိတကတို့ ၏ တင်ပြချက်များကို ဖတ်ရှုစိစစ်ခြင်း၊ ပိဋကတ်တော်နှင့်ညီမညီ စိစစ်ဝေဖန်ရခြင်းတို့အတွက် ပိဋကတ်တော်အစုံစုံ၊ ကျမ်းဂန်အစောင်စောင်၊ ကျင့်ထုံး အသီးသီးတို့ကို နေ့မအား ညမလပ်၊ ဖတ်ရှုညှိနှိုင်း၍ သတ်မှတ်ကာလအတွင်း အပြီးသတ် ချမှတ်ဆုံးဖြတ်ရပေသည်။ ကျရာတာဝန်ကို အားစိုက်ကြိုးပမ်းထမ်းရွက်တော်မူကြရပေသည်။

ဆရာတော်ကြီးများ၏ ဆွမ်း၊ ကွမ်းကိစ္စ

ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေတွင် မဟာနာယက ကျောင်းတော်ကြီးနှင့် ကျောင်းဆောင်ကြီးလေးရပ်၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဝိနည်းဓိုရ်ဆရာတော်ကြီးများ နေ့စဉ်ပင် သီတင်းသုံးတော်မူကြသည့်အပြင် အခါအားလျော်စွာ ကျင်းပသော ပရိယတ္တိစာမေးပွဲဆိုင်ရာ ပုစ္ဆာထုတ်ဆရာတော်များ၊ စာစစ် ဆရာတော်များ၊ အဘိဓာန်ကျမ်းပြု ဆရာတော်များ၊ အဘိဓမ္မာ၊ ဝိသုဒ္ဓိမဂ်၊ ပဋ္ဌာန်းသင်တန်း၊ ယဉ်ကျေးမှုသင်တန်း နည်းပြဆရာတော်များ စသည့် ဆရာတော်မထေရ်မြတ်များသည် လုပ်ငန်းတာဝန်ကိုယ်စီဖြင့် သီတင်းသုံးတော်မူ နေကြပါသည်။

ဤသို့ သာသနာ့ဦးသျှောင် မဟာထေရ်မြတ်များသည် "သာသနာ့တာဝန် ဒို့တာဝန်"ဟု ခံယူလျက် သာသနာတော်သန့်ရှင်းရေး၊ ရေရှည်တည်တံ့ရေး၊ ထွန်းကားပြန့်ပွားရေးတို့ကို မနေမနား ကြိုးစားထမ်းဆောင်တော်မူကြရာ၊ ဆရာ့နည်းတူ၊ အားယူလုပ်ကျွေး၊ သာသနာ့အရေးကို၊ မနှေးထိပ်က၊ ဦးဆောင်ကြသည့် အစိုးရပြည်သူ၊ များဗိုလ်လူနှင့် ဒကာများဖြင့် ကုသိုလ်ရှင်တို့သည် မထေရ်မြတ်များ၏ ကျန်းမာရေး၊ သီတင်းသုံးနေထိုင်ရေး၊ သွားလာရေး၊ ဆွမ်းကွမ်းကိစ္စ စသည်တို့တွင် အခက်အခဲမရှိ အဆင်ပြေစေရန် မထေရ်မြတ်များ စိတ်ချမ်းမြေ့စေရန် ဆောင်ရွက်ပေးရေး တာဝန်ရှိပေသည်။ **သာသနာ့ အရေးကိစ္စများကို ဆရာဒကာ ညီညာလက်တွဲ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီလျက် ဆောင်ရွက်ကြရာတွင် ဆရာတော် မထေရ်မြတ်များကို ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးပစ္စည်းလေးပါးတို့ဖြင့် ပစ္စယာနုဂ္ဂဟ၊ ဓမ္မာနုဂ္ဂဟ ချီးမြှင့်ထောက်ပံ့ကြသည်မှာ အာမိသပူဇာဖြစ်၍ ကုသိုလ်ကြီးလှပါပေသည်။**

သာသနာရေးဝန်ကြီးဌာနတွင် မဟာထေရ်များ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစေရန် အားလုံးကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ပေးနေပါသည်။ ဆွမ်းကွမ်းကိစ္စတွင် သာသနာရေးဝန်ကြီးဌာန သာသနာရေး ဦးစီးဌာနသည် ဆွမ်းကွမ်း ဝေယျာဝစ္စအဖွဲ့ကို ပြင်ပကုသိုလ်ရှင်များ၊ ဝန်ထမ်းများနှင့် ဆောင်ရွက်နေရာ အလှူရှင်များ များစွာကုသိုလ်ပြုနေကြပြီ ဖြစ်ပါသည်။ အလှူအတန်း ဝါသနာပါလှသော မြန်မာပြည်သားတို့၏ ဓလေ့စရိုက်အားဖြင့် မွေးနေ့အလှူ၊ လက်ထပ်ထိမ်းမြားအလှူ၊ သဒ္ဓါဆွမ်းအလှူ စသည့်နေ့ရက်များအလိုက် မင်္ဂလာအလှူ အသီးသီးလှူဒါန်းကြပါသည်။ **ယခုအခါ ဆရာတော်ကြီးများအား ဆွမ်းကွမ်း ကပ်လှူရာတွင် ရေရှည်တည်တံ့လျက် ပိုမိုပြည့်စုံကောင်းမွန်ရေးအတွက် ဆွမ်းပဒေသာပင် အလှူနှင့် နိဗဒ္ဓ(ရာသက်ပန်) ဆွမ်းအလှူတော်ကို စီစဉ်ထားရှိပါသည်။ သို့ဖြစ်ပါ၍ သဒ္ဓါအားသည်း စေတနာကြီးလှသော ကုသိုလ်ရှင်တို့သည် ပစ္စုပ္ပန်သံသရာနှစ်ဖြာဘဝ လှပသာယာစေကြောင်း ဒါနအမှု ကောင်းစွာပြုသင့်ကြပေသည်။** ကုသိုလ်အထု ပွားနှယ်စုကာ ရာသက်ပန် အလှူတော်ကို ပြုလျက် အခါမလပ်ပီတိအဟုန်ထပ်ကာ မြတ်အာစိဏ္ဏကံကုသိုလ်ဇော အတန်တန် ပွားများနေသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

> နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီးများသည် ပြည်နယ်/တိုင်း အသီးသီးတွင် ပရိယတ္တိကျောင်းတိုက်ကြီးများကို စီမံအုပ်ချုပ်လျက် အနာဂတ်သာသနာရေးအတွက် တပည့်ရဟန်း၊ သာမဏေများကို ပြုစုပျိုးထောင်၍ ဂန္ထဓုရ၊ ဝိပဿနာဓုရသာသနာ့လုပ်ငန်းတာဝန်များကို ထမ်းဆောင်နေ။ နိုင်ငံတော် သံဃမဟာ နာယကဆရာတော်ကြီးများသည် မိမိပဓာနမူလကျောင်းတိုက်ကြီးများတွင် နေတော်မမူကြရဘဲ ကမ္ဘာအေးတွင် လေးလတာ သီတင်းသုံးကာ သာသနာတော်သန့်ရှင်း တည်တံ့ပြန့်ပွားရေးလုပ်ငန်းကိစ္စရပ်များကို ပင်ပန်းလှသည်ဟု သဘောမထား၊အရွယ်တော်ကိုမငဲ့နိုင်၊ သာသနာတော်အတွက် တာဝန်ကျေပွန်ရေးကို စိတ်ရေးရှုနေကြ။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေလေဆိပ်၊ စစ်တွေတက္ကသိုလ် တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေလေယာဉ်ပြေးလမ်း တိုးချဲ့ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် စစ်တွေမြို့သို့ရောက်ရှိရာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက စစ်တွေလေဆိပ်တွင် ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် စစ်တွေ လေယာဉ်ပြေးလမ်းထပ်ပိုးလွှာတင်ခြင်း စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက စစ်တွေလေဆိပ်၏ တည်နေရာ၊ နောက်ခံသမိုင်း၊ လက်ရှိလေယာဉ်ပြေးလမ်း အခြေအနေ၊ လေယာဉ်ပြေးလမ်းဆိုင်ရာ အချက်အလက်များနှင့် လေယာဉ်ကွင်းတွင်း ရေစီးရေလာ ကောင်းမွန်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလှိုင်က ၂၀၀၆–၂၀၀၇ခုနှစ် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ကျောက်ကတ္တရာ ပြေးလမ်းတွင် ထပ်ပိုးလွှာတင် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်၊ လေယာဉ်နားနေရာ တိုးချဲ့ခြင်း၊ လေယာဉ်ပြေးလမ်း မြေနိမ့်သော နေရာများ၌ လေးလက်မ ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေများ၊ ကုန်ကြမ်းပစ္စည်း စုဆောင်းမှုနှင့် မြေသားလုပ်ငန်းဆောင်ရွက်ပြီးစီးမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး ပွင့်လင်းရာသီတွင် မြေသားလုပ်ငန်းများ အပါအဝင် လမ်းခင်းခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ ပြီးစီးနိုင်သမျှ ပြီးစီးအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လုပ်ငန်းသုံးပစ္စည်းများဖြင့် လုပ်ငန်းအလျင်မပြတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် လမ်းခင်းကျောက်များ ခွဲစိတ်နေမှုနှင့် လေယာဉ်ပြေးလမ်းကို စက်ယန္တရားများဖြင့် မြေညှိဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လေယာဉ်ပြေးလမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ စစ်တွေလေယာဉ်ပြေးလမ်း ထပ်ပိုးလွှာတင်ခြင်းစီမံကိန်းတွင် လက်ရှိလေယာဉ်ပြေးလမ်း ပေ ၆၀၀၀ x ပေ ၁၅၀၊ လေယာဉ်သွားလမ်း ၅၂၅ ပေ x ၇၅ ပေ နှင့် လေယာဉ်ရပ်နားနေရာ ပေ ၆၀၀ x ပေ ၃၀၀ တို့တွင် ကျောက်ကတ္တရာဖြင့် အနိမ့်အမြင့်ညှိခြင်း၊ လေးလက်မထု နိုင်လွန်ကတ္တရာ ထပ်ပိုးလွှာတင်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်မည်ဖြစ်သည်။ လုပ်ငန်းဆောင်ရွက်ပြီးစီးပါက လေယာဉ်ပြေးလမ်းသည် ခံနိုင်ဝန်အားပေါင် ၇၃၀၀၀ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် ဘုမကျေးရွာရှိ စစ်တွေတက္ကသိုလ် တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ပါမောက္ခချုပ်၊ တွဲဖက်ပါမောက္ခများ၊ ကထိကများနှင့် တွေ့ဆုံ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ခေတ္တပါမောက္ခချုပ် ဦးဘရွှေက တက္ကသိုလ်ဆိုင်ရာ အချက်အလက်များ၊ မြို့နယ်အလိုက် ကျောင်းသားဦးရေနှင့် ဆရာ၊ ဆရာမဦးရေ၊ ဖွင့်လှစ်ထားရှိသော သင်တန်းများ အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း စစ်တွေခရိုင် အင်ဂျင်နီယာမှူး ဦးခင်မောင်ထွေးက စစ်တွေတက္ကသိုလ် ပင်မသုံးထပ်ဆောင် ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေနှင့် ကျောင်းဆောင်များ ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးဗိုလ်မှူးချုပ်မောင်ရှိန်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရှင်းလင်းတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် အရေးကြီးသည့် လိုအပ်ချက် တစ်ရပ်ဖြစ်ရာ ဆရာ၊ ဆရာမများသည် မိမိတို့ တတ်ကျွမ်းသည့် ပညာရပ်များကို မျိုးဆက်သစ် လူငယ်များအား စေတနာရှိရှိ၊ အသိရှိရှိဖြင့် ဖြန့်ဝေ သင်ကြားပေးခြင်းသည် နိုင်ငံတော် တည်ဆောက်ရေးလုပ်ငန်း တာဝန်တစ်ရပ်ကို ထမ်းဆောင်ခြင်းပင်ဖြစ်ကြောင်း၊ ပညာတတ် ဉာဏ်ရည်ထက်မြက်သည့် အနာဂတ်သားကောင်း လူငယ်များ မွေးထုတ်နိုင်ခြင်းသည် စံပြုရမည့် ဂုဏ်တစ်ရပ်အဖြစ် ခံယူပြီး ဆောင်ရွက်ကြရန်နှင့် တည်ဆောက်ပြီး ကျောင်းဆောင်များ ထိန်းသိမ်းရေး၊ တည်ဆောက်မည့် ပင်မကျောင်းဆောင် အရည်အသွေးမြင့်မားသည့် အဆောက်အအုံအဖြစ် တည်ဆောက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် စစ်တွေတက္ကသိုလ် ဝင်းအတွင်း တည်ဆောက်မည့် ဘက်စုံ သုံးထပ်ပင်မကျောင်းဆောင်သစ် ဆောက်လုပ်မည့် မြေနေရာနှင့် ဆောက်လုပ်ပြီး ကျောင်းဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် စစ်တွေတပ်နယ် အစည်းအဝေးခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က ပြည်နယ်၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်အဆင့်တာဝန်ရှိသူများက ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာ၌ ရခိုင်ပြည်နယ်တွင် ယခင်နှစ်က မိုးစပါးစိုက်ဧက ၁၁သိန်းကျော်စိုက်ပျိုးခဲ့ပြီး ယခု ၂၀၀၆–၂၀၀၇ခုနှစ်၌ မိုးစပါးဧက ၁၂သိန်း ငါးသောင်းကျော်အထိ တိုးတက်စိုက်ပျိုးနိုင်ပြီဖြစ်ကြောင်း၊ နွေစပါး၊ ပဲ၊ ဆီထွက်သီးနှံတို့တွင်လည်း ယခင်နှစ်ကထက် ပိုမိုစိုက်ပျိုးလာနိုင်သည်ကို တွေ့ရကြောင်း၊ စိုက်ဧကတိုးလာသကဲ့သို့ ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်သုံးစွဲရေး၊ နည်းပညာပေးရေးအတွက် စီစဉ်ဆောင်ရွက်စေရန် လိုအပ်သကဲ့သို့ ရရှိထားသည့် တိုးတက်မှုခိုင်မာစေရန်နှင့် ပိုမိုတိုးတက်စေရန် နည်းလမ်းရှာဖွေပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ရေတပ်ကောင်း၊ နှစ်ရှည်ပင် ရော်ဘာဧက တစ်သိန်းပြည့်မီရေးနှင့် ဇီဝဒီဇယ်ဆီ ထုတ်ယူနိုင်မည့် ခြစ်ဆည်းရိုးကြက်ဆူပင်များကို သုံးနှစ်အတွင်း ဧက ငါးသိန်း စိုက်ပျိုးနိုင်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းစိုက်ပျိုးသွားကြရန်လိုကြောင်း၊ ပုစွန်မွေးမြူရေးတွင်လည်း ဧက တစ်သိန်းခွဲရှိနေပြီဖြစ်ရာ အထွက်နှုန်းတိုးစေရေးနှင့် ပုစွန်တစ်သား၊ စပါးတစ်သီးစနစ်ကို အောင်မြင်ရေးအတွက် နည်းပေးလမ်းပြ ဆောင်ရွက်ရန်လိုကြောင်း။

ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်က ပြည်ထောင်စု တစ်ဝန်းလုံးမျှတစွာ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိရာ ယခင်က လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ရခိုင်ပြည်နယ်တွင် လမ်းတံတားများ ကွန်ရက်သဖွယ် တည်ဆောက်ပေးခဲ့သည်ကို အားလုံးအသိပင် ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ် အပါအဝင် ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပြည်နယ်အတွင်းရှိ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများသည် ဒေသခံတိုင်းရင်းသား ပြည်သူများနှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ညပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များ လိုက်ပါလျက် စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း ကပ်လှူပူဇော်ပြီး စေတီတော်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကာ ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက စေတီတော် ဘက်စုံတိုးတက်ရေး ဆက်လက် ဆောင်ရွက်ရန်များကို မှာကြားပြီး စေတီတော်အား လက်ယာရစ်ဖူးမြော်ကြည်ညိုကာ ဘက်စုံမွမ်းမံပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် စေတီတော် ဂန္ဓကုဋိတိုက်တွင်းရှိ စကြာမုနိ ရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း ဆက်ကပ်ပူဇော်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် အဖွဲ့ဝင်များနှင့်အတူ အတုလမာရဇိန် ပြည်လုံးချမ်းသာ ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ ကပ်လှူပူဇော်ကာ အလှူငွေများ လှူဒါန်းပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုး၍ ဘက်စုံပြုပြင်ထားရှိမှုများကို ကြည့်ရှုသည်။

(သတင်းစဉ်)

ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ၌ နာယကဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရသည် မတ် ၁ ရက်မှ ၇ ရက်အထိ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ဝိပဿနာ အလုပ်ပေးတရားတော်များကို ဟောကြားပြသမည်ဖြစ်ရာ ရိပ်သာဝင်လိုသော ယောဂီများသည် ဖေဖော်ဝါရီ ၂၈ ရက်ညနေ အရောက် လာကြရန်နှင့် ရိပ်သာဖုန်း–၀၉–၅၃၀၂၀၉၂၊ ၀၉–၅၁၀၄၆၆၉၊ ကိုကျော်နိုင်(ပဲခူး) ဖုန်း–၀၉–၅၃၀၁၅၃၇နှင့် ကိုကျော်ဆန်း(ရန်ကုန်) ဖုန်း–၀၉–၅၀၁၇၂၉၄တို့ထံ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်းသိရသည်။

(က–ပ)



ဖေဖော်ဝါရီ ၁၈ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၄) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသော မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲ၌ စတုတ္ထတန်း(က)မှ သင်္ချာဘာသာထူးချွန်ဆုရ မခင်ရတနာထွန်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်လှ ဆုချီးမြှင့်စဉ်။ (ပညာရေး)

✻ ရှေ့ဖုံးမှ

စီးပွားရေးလုပ်ရှင်များ၊ ပုဂ္ဂလိက ရေယာဉ်ပိုင်ရှင်များ၊ အရာထမ်းကုမ္ပဏီမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပန်းဖွားအကအဖွဲ့ဝင်များ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ၊ ဘင်ခရာအဖွဲ့နှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနားသည် ၂၀၀၄ ခုနှစ် ရခိုင်ပြည်နယ် စစ်တွေမြို့အနီး ပင်လယ်ပြင်ကို ဇဟိုပြုတိုက်ခတ်ခဲ့သည့် လေမုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားခဲ့ရသည့် စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ဆိပ်ခံတံတားဟောင်းနေရာတွင် အသစ်တည်ဆောက်ခဲ့သည့် ဆိပ်ခံတံတားသစ်ကြီးဖွင့်ပွဲအခမ်းအနားဖြစ်သည့်အတွက် ရခိုင်ပြည်နယ်အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသည့် နေ့တစ်နေ့ ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန် အရေးသုံးပါးကို အမျိုးသားရေးခံယူချက်အဖြစ်ဦးထိပ်ပန်ဆင်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ်နှင့်အညီ **“အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး”**ကို ဘက်စုံ ကဏ္ဍစုံက အရှိန်အဟုန်ဖြင့် ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်ကြောင်း၊ အထူးအားဖြင့် နိုင်ငံတော်က တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဖော်ဆောင်ပေးလျက်ရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံ များစွာကိုလည်း တည်ဆောက်ဖြည့်ဆည်းပေးလျက်ရှိကြောင်း။

ယင်းသို့ တည်ဆောက်ဖြည့်ဆည်းပေးနေခြင်းကြောင့် တိုင်းရင်းသားပြည်သူများ၏ လူနေမှုဘဝအဆင့်များသည်လည်း မြင့်မားလာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် စက်မှုဖွံ့ဖြိုးရေး၊ လျှပ်စစ်စွမ်းအားတိုးမြှင့်ထုတ်လုပ်ရေး၊ ခေတ်မီ ဆက်သွယ်ရေးနည်းပညာများ အသုံးပြုရေး၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ ရှာဖွေထုတ်လုပ်ရေး၊ ကျန်းမာရေးစောင့်ရှောက်မှု မြင့်မားရေး စသည့် လုပ်ငန်းများကို ကဏ္ဍအလိုက် ကြိုးပမ်းဖော်ဆောင်လျက်ရှိရာတွင် အောင်မြင်မှုများ ရရှိနေပြီဖြစ်ကြောင်း။

ယင်းသို့ ကြိုးပမ်းဖော်ဆောင်ရာတွင် နိုင်ငံတော်ကြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ဆောင်ရေးအခန်းကဏ္ဍသည်လည်း အဓိကကျကြောင်း တွေ့ရှိရကြောင်း၊ ပို့ဆောင်ရေးသည် စီးပွားရေးလုပ်ငန်းတစ်ရပ်ဖြစ်သကဲ့သို့ အရေးပါသည့် ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ် ဖြစ်ခြင်းကြောင့် အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးစည်ပင်ရေး ကြိုးပမ်းမှုများမှာ အခြားသော ကဏ္ဍအသီးသီးကို ထိရောက်သည့် ဝန်ဆောင်မှုများပေးပြီး ပံ့ပိုးဆောင်ရွက်ပေးနိုင်ကြောင်း၊ ပို့ဆောင်ရေးလုပ်ငန်းများ လွယ်ကူချောမွေ့မှသာ ကုန်စည်စီးဆင်းမှု၊ ကူးသန်းသွားလာမှု၊ ပြည်တွင်း ပြည်ပ ကုန်သွယ်မှုလုပ်ငန်းများ သွက်လက်မှန်ကန်မြန်ဆန်ပြီး အမျိုးသားစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သကဲ့သို့ နိုင်ငံသူနိုင်ငံသားများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ အဆင့်အတန်းများသည်လည်း ပိုမိုတိုးတက်မြင့်မားလာမည်ဖြစ်ကြောင်း၊ သယ်ယူပို့ဆောင်ရန်အတွက် ရေကြောင်းပို့ဆောင်ရေးသည် ပိုပြီးအရေးကြီးကြောင်း တွေ့ရှိရကြောင်း။

ထို့ကြောင့် ပျက်စီးသွားခဲ့ရသည့် စစ်တွေမြို့၏ ဆိပ်ခံတံတားဟောင်းနေရာ၌ ဆိပ်ခံတံတားသစ်ကြီးတစ်စင်းကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှု၊ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းများ၏ ကြီးကြပ်ကွပ်ကဲမှုနှင့် ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က တာဝန်ယူတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဤဆိပ်ခံတံတားသစ်ကြီး ဖွင့်လှစ်ပြီးသည့်နောက်တွင် ကုန်သွယ်ရေကြောင်းကတစ်ဆင့် ကုန်စည်စီးဆင်းမှုသည် ပိုပြီးသွက်လက် မှန်ကန်မြန်ဆန်ချောမွေ့လာမည်ဟု ယုံကြည်ကြောင်း၊ ယင်းသို့ ကုန်စည်စီးဆင်းမှု ပိုမိုကောင်းမွန် ချောမွေ့လာသည်နှင့်အမျှ ရခိုင်ပြည်နယ်၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ ပိုပြီးတိုးတက်ကောင်းမွန်လာမည် ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်သည် အနာဂတ်ကာလ၏ ခေတ်သစ်တစ်ခုဆီကို တည်ငြိမ်ချောမွေ့စွာကူးပြောင်းရောက်ရှိရေးအတွက် ဘက်စုံ၊ အခန်းကဏ္ဍစုံမှ မနေမနားအားသွန်ခွန်စိုက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေချိန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးစသည့် လိုအပ်သော အခြေခံကောင်းများကို ခိုင်မာပြည့်စုံနေစေရန်နှင့် လစ်ဟာမှုမရှိရအောင် ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ အပြင်းအထန် လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ကဏ္ဍအသီးသီး၌ပင်ဖြစ်ဖြစ်၊

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ **ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ကွန်ကရစ်ဆိပ်ခံတံတားဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ဒေသအသီးသီးကိုပင်ကြည့်ကြည့် အရှိန်အဟုန်ဖြင့် အောင်မြင်မှုများ ရရှိနေခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အောင်မြင်မှုများရရှိနေခြင်းသည် နိုင်ငံတော်၏ လမ်းညွှန်မှု၊ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော် ဟန်ချက်ညီညီ လက်တွဲပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တစ်တိုင်းတစ်ပြည်လုံး အကြားအလပ်မရှိ တိုးတက်မှုရှိအောင် ဆောင်ရွက်ပေးလျက်ရှိရာတွင် စီမံကိန်းကြီး သုံးခုဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ စီမံကိန်းကြီးများမှာ မြို့များ ဖွံ့ဖြိုးတိုးတက်သည်ထက် တိုးတက်လာစေရန် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု စီမံကိန်း၊ ကျေးလက်ဒေသအားလုံး တိုးတက်စေရန် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်ကြီး(၅)ရပ် စီမံကိန်းနှင့် နယ်စွန်နယ်ဖျားရှိ နယ်စပ်ဒေသများပါ

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ **အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့ စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ကွန်ကရစ်ဆိပ်ခံတံတားကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

မကျန် တိုးတက်စေရန် နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကိုပါ ဝန်ကြီးဌာနတစ်ခု သီးသန့်ဖွဲ့စည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းစီမံကိန်း သုံးရပ်ဖြင့် ဆောင်ရွက်ပေးသည့်နေရာတွင် ရခိုင်ပြည်နယ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်၏ စီးပွားရေးသည် အဓိကအားဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးဖြစ်ကြောင်း၊ စိုက်ပျိုးရေးတိုးတက်အောင် နိုင်ငံတော်က အဘက်ဘက်က ကူညီဆောင်ရွက်ပေးနေသည့်အတွက် ၁၉၈၈ ခုနှစ် မတိုင်မီက ရခိုင်ပြည်နယ်၏ မိုးစပါးစိုက်ဧကသည် ခုနစ်သိန်းကျော်သာရှိခဲ့ရာမှ ယနေ့ဆိုလျှင် ဧက ၁၂သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပြီး ဧကငါးသိန်းကျော် တိုးတက်လာသည်ကို တွေ့ရသကဲ့သို့ ပဲအမျိုးမျိုးကို ယခင်က ဧကနှစ်ထောင်ကျော်သာ စိုက်ပျိုးခဲ့ရာမှ ယနေ့ ဧကတစ်သိန်းခုနစ်သောင်းကျော် စိုက်နိုင်ခဲ့သဖြင့် ဧကတစ်သိန်းခြောက်သောင်းကျော် တိုးတက်လာခဲ့ပြီး ဆီထွက်သီးနှံအနေဖြင့် ယခင်က ဧက နှစ်သောင်းခြောက်ထောင်ကျော်သာ စိုက်ပျိုးရာမှ ယနေ့ ဧကတစ်သိန်းငါးသောင်းကျော် စိုက်နိုင်ခဲ့၍ ဧကတစ်သိန်းနှစ်သောင်းကျော် တိုးတက်စိုက်ပျိုးလာနိုင်သည်ကို တွေ့ရှိရကြောင်း။

မွေးမြူရေးအနေဖြင့် ပုစွန်ကန်ဧကသည် ၁၉၈၈ ခုနှစ် မတိုင်မီက ဧကငါးသောင်းကျော်သာရှိရာက ယခုဆိုလျှင် ဧကတစ်သိန်းငါးသောင်းကျော် ရှိလာသည့်အတွက် ဧကတစ်သိန်းကျော် တိုးတက်လာသည်ကို တွေ့ရပြီး ရခိုင်ပြည်နယ်၏ စီးပွားရေးသည်လည်း သိသိသာသာ တိုးတက်လာကာ ရခိုင်လူထု၏ တစ်ဦးချင်းဝင်ငွေများသည် တိုးတက်မြင့်မားလာသည်ကို တွေ့ရပါကြောင်း။

ယခင်က ရခိုင်ပြည်နယ် လူထုများ၏ သွားလာရေးသည် မြစ်ချောင်းများမှ လှေသင်္ဘောများကိုသာ အားကိုးပြီးသွားလာနေခဲ့ရကြောင်း၊ ယခုဆိုလျှင် လမ်း၊ တံတားများ တိုးချဲ့ဆောက်လုပ်ပေးခဲ့သည့်အတွက် ၁၉၈၈ ခုနှစ် မတိုင်မီက လမ်းခရီးမိုင် ၄၄၈ မိုင်သာ ရှိခဲ့ရာမှ ယခုဆိုလျှင် ၉၇၀ ဒသမ ၅ မိုင်

ရန်ကုန်-စစ်တွေ လမ်းမကြီး၊ ရန်ကုန်-ကျောက်ဖြူ လမ်
ကားလမ်းများမှ အချိန်တိုတိုဖြင့် သွားနိုင်ပြီဖြစ်၍ ကုန်

ရှိပြီဖြစ်သည့်အတွက် ခရီးမိုင်ပေါင်း ၅၂၂ ဒသမ ၇ မိုင် တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ပေ ၁၈၀ အထက် တံတားကြီးဆိုလျှင်လည်း ၁၉၈၈ ခုနှစ် မတိုင်မီက ၁၁ စင်းသာ ရှိခဲ့ရာမှ ယခုဆိုလျှင် ၃၅ စင်းအထိ တိုးချဲ့တည်ဆောက်ပေးခဲ့သဖြင့် တံတားကြီး ၂၄ စင်း တိုးတက်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ယင်းလမ်း၊ တံတားများ တည်ဆောက်ပေးခဲ့သည့်အတွက် ရန်ကုန်-စစ်တွေလမ်းမကြီး၊ ရန်ကုန်-ကျောက်ဖြူလမ်းမကြီးများ ပေါ်ပေါက်လာခဲ့ပြီး မာန်အောင်-ပေါက်တော-မြေပုံနှင့် ရသေ့တောင်မြို့များကလွဲလျှင် မြို့အားလုံးကို မော်တော်ကားလမ်းများမှတစ်ဆင့် အချိန်တိုတိုဖြင့် သွားရောက်နိုင်ပြီဖြစ်၍ ကုန်စည်စီးဆင်းမှုများ မြန်ဆန်မှန်ကန်ပြီး ရခိုင်ပြည်နယ်သူ ပြည်နယ်သားများ တစ်မြို့နှင့် တစ်မြို့အပြင် ပြည်မအထိ လွယ်ကူစွာ ကုန်စည်ကူးသန်းသွားလာနိုင်သည့်အတွက် ရခိုင်ပြည်နယ်၏ စီးပွားရေးသည်လည်း သိသိသာသာ တိုးတက်လာသည်ကို တွေ့ရကြောင်း။

ရခိုင်ပြည်နယ်အတွင်း လေယာဉ်ကွင်းများအနေဖြင့်လည်း ယခင်က စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူမြို့များ၌သာ ရှိခဲ့ရာမှ ယခုအခါ ခေတ်မီကောင်းမွန်သည့် အမ်းမြို့လေယာဉ်ကွင်းကိုလည်း အသစ်တည်ဆောက်ပေးခဲ့ပြီး လေယာဉ်ကွင်းဟောင်းများကိုလည်း ခေတ်မီကောင်းမွန်အောင် တိုးချဲ့ပြုပြင်ပေးနိုင်ခဲ့ခြင်းကြောင့် လေယာဉ်များပြေးဆွဲပေးနိုင်ခဲ့၍ ရခိုင်ပြည်နယ်နေပြည်သူများအတွက် ခရီးလမ်းပန်း အဆင်ပြေချောမွေ့ ကောင်းမွန်လျက်ရှိသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

ယင်း ကားလမ်းများ၊ လေယာဉ်ကွင်းများ တည်ဆောက်ပေးသည့်အပြင် မူလရှိပြီး ရေလမ်းခရီးသွားလာမှုသည်လည်း များပြားသော ကုန်စည်ပစ္စည်း ပမာဏကို ကုန်ကျစရိတ် အသက်သာဆုံးဖြင့် သယ်ယူနိုင်သည့်အတွက် ကားများမရှိသေးသည့် မြို့များ၊ အခြားလိုအပ်သည့် မြို့များ၌ ကမ်းရိုးတန်းသွား သင်္ဘောကြီးများနှင့် အခြားသင်္ဘောများ အလွယ်တကူ ဆိုက်ကပ်နိုင်ရေးအတွက် ဆိပ်ခံတံတားများကိုလည်း တည်ဆောက်ပေးလျက်ရှိရာ ယခုဖွင့်လှစ်သည့် ဖောင်တော်ကြီး ဆိပ်ခံတံတားသစ် အပါအဝင် ဆိပ်ခံတံတားပေါင်း ခုနစ်ခုကိုလည်း ရခိုင်ပြည်နယ်အတွင်း၌ တည်ဆောက်ပေးပြီးဖြစ်ကြောင်း၊ အထူးသဖြင့် ယခုဖွင့်လှစ်သည့် ဖောင်တော်ကြီးဆိပ်ခံတံတားကြီးကို ရခိုင်ပြည်နယ်၏ ကျက်သရေဆောင်အဖြစ် ငွေအမြောက်အမြားအကုန်အကျခံ၍ ပြည်နယ်လူထုအကျိုးအတွက် နိုင်ငံတော်က တည်ဆောက်ပေးခြင်းဖြစ်ကြောင်းကို ပြောကြားလိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက **“တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှုသည် အဓိကကျကြောင်း၊ လွယ်လင့်တကူ ဆက်သွယ်သွားလာနိုင်မှသာ တိုင်းပြည်၏စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုးလာမှာဖြစ်ကြောင်း၊ နိုင်ငံတော်၏ ပို့ဆောင်ရေးစနစ်၌ ရထားပို့ဆောင်ရေးကဏ္ဍ၊ ရေကြောင်းပို့ဆောင်ရေးကဏ္ဍနှင့် မော်တော်ယာဉ် ပို့ဆောင်ရေးကဏ္ဍတို့သည် အဓိကကျသော ကဏ္ဍများဖြစ်ကြောင်း”**ကို လမ်းညွှန်ခဲ့ကြောင်း။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ပြီး ပြည်ထောင်စုကြီး၏ ဒေသတစ်ခုနှင့် တစ်ခုအကြား ကွာဟချက် လျော့နည်းကျဆင်းစေရေး၊ နယ်မြေဒေသအားလုံး တစ်ပြိုင်တည်း မျှမျှတတ ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသား

ညီအစ်ကိုအချင်းချင်း နားလည်ချစ်ကြည်ရေး
ဆိုသည့် မြင့်မားမွန်မြတ်သော နိုင်ငံတော်
ဒေသအသီးသီးသည် ယခင်ကာလများထက် မျ
အားလုံးအသိပင်ဖြစ်ကြောင်း၊ ယင်းသို့ ဖွံ့ဖြိုး
အချက်မှာ နယ်မြေဒေသအားလုံး တည်ငြိမ်
နေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်

ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တို
မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်
သုံးပါးသည် နိုင်ငံတော်အတွက်၊ နိုင်ငံတော်
ဖို့ရန်အတွက် မည်မျှအရေးကြီးသည်ဆိုသည်
နှလုံးသားထဲ၌ မည်မျှစွဲမြဲခံယူသင့်သည် ဆိုသ
ကြောင်းကို ပြောကြားလိုကြောင်း။

ထို့ကြောင့် ဆိပ်ခံတံတားကြီး ရေရှည်တ
ထိန်းသိမ်းသွားကြပါဟု ပြောကြားရင်း နိဂုံး
သွားသည်။

ထို့နောက် ရခိုင်ပြည်နယ် အေးချမ်းသာ
ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တို
အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေ
ကောင်စီသည် အေးချမ်းသာယာ၍ ခေတ်မီဖွံ့
သစ်ကြီး ပေါ်ထွန်းရေးအတွက် မျိုးချစ်စိတ်ဓာတ်
မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု
အာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသား
(၁၂)ရပ် ချမှတ်အကောင်အထည်ဖော်
ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေး
ပြည်သားများကလည်း ပြည်ထောင်စုစိတ်ဓာ
လက်ညီ အသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်း
လိုအပ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်
တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်၊
နေထိုင်လိုသည့် တစည်းလုံးတည်းသော
ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲရေးအတွ
တစ်စပ်တည်းဖြစ်ရေး၊ တစ်မြေတည်းတစ်ရေ
တစ်သားတည်းဖြစ်ရေး ဆောင်ရွက်လျက်ရှိရ
ဤတံတားကြီးသည် လက်တွေ့ကျသော သမိ

ရေလမ်းခရီးကို ကြည့်မည်ဆိုလျှင် ရ
ပေါ်များသည့်အတွက် သဘာဝရေလမ်းကြော
ကတည်းက ကူးလူးသွားလာမှုများ ရှိသကဲ့သို့
သည့် ပင်လယ်ဝင်ပေါက်၊ ထွက်ပေါက် ရှိ
ခေတ်မီဆိပ်ခံတံတားများကို တိုးချဲ့တည်ဆေ

ယနေ့ဆိုလျှင် ကမ်းရိုးတန်းသွား သ
များသို့ သွားလာသည့် သင်္ဘောများဆိုက်ကပ်
၂၀၀၄ ခုနှစ်တွင် တိုက်ခတ်ခဲ့သော လေပြင်း
သည့် ဆိပ်ခံတံတားဟောင်းနေရာ၌ နိုင်ငံတော်

ပြည်နယ်၏ အခြေခံကျသော လမ်းပန်းဆ
စေမည့် ဆိပ်ခံတံတားအသစ်ကို တည်ဆောက်
သည် လေကြောင်း၊ ကုန်းကြောင်းနှင့် ရေကြေ
တိုးတက်ကောင်းမွန်လာပြီဖြစ်သည်ကို တွေ့

၂၀၀၆ ခုနှစ် ဧပြီ ၁၅ ရက် ရခိုင်ပြည်န
အကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်
ကို **“ဟိုတုန်းက ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆို
မကိုက် ပြန်သုံးသပ်တယ်၊ ကျွန်တော်တို့ စီ
ပြန်သုံးသပ်တာ မဟုတ်ဘူး၊ ဒီဒေသဖွံ့ဖြိုး
လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ပြီးတော့ ဖွံ့
ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ပေးတာဖြစ်တယ
အားလုံး ညီညီမျှမျှ ဖွံ့ဖြိုးတိုးတက်စေချင်တ**

ဤမိန့်ကြားချက်အပေါ် လက်တွေ့ဖြစ်
အအုံများကိုအခြေခံလျက် စီးပွားရေး၊ လူမှုရေးဖွံ့

ရန်ကုန်-ကျောက်ဖြူ လမ်းမကြီးများ ပေါ်ပေါက်လာခဲ့ပြီး ဖြင့် သွားနိုင်ပြီဖြစ်၍ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်

ညီအစ်ကိုအချင်းချင်း နားလည်ချစ်ကြည်ရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆိုသည့် မြင့်မားမွန်မြတ်သော နိုင်ငံတော်၏ ရည်ရွယ်ချက်များကြောင့် ဒေသအသီးသီးသည် ယခင်ကာလများထက် များစွာဖွံ့ဖြိုးတိုးတက်လာသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ယင်းသို့ ဖွံ့ဖြိုးတိုးတက်လာရခြင်း၏ အဓိက အချက်မှာ နယ်မြေဒေသအားလုံး တည်ငြိမ်အေးချမ်းကာ တရားဥပဒေစိုးမိုးနေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲနေ၍ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံတော်အတွက်၊ နိုင်ငံတော်ကြီး အစဉ်ထာဝရတည်တံ့ခိုင်မြဲဖို့ရန်အတွက် မည်မျှအရေးကြီးသည်ဆိုသည်ကို နိုင်ငံသားအားလုံး၏ ရင်ထဲနှလုံးသားထဲ၌ မည်မျှစွဲမြဲခံယူသင့်သည် ဆိုသည်ကို ပိုပြီးသိသာထင်ရှားလာကြောင်းကို ပြောကြားလိုကြောင်း။

ထို့ကြောင့် ဆိပ်ခံတံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းသွားကြပါဟု ပြောကြားရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်က အမှာစကားပြောကြားရာတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးအတွက် မျိုးချစ်စိတ်ဓာတ်ကို အခြေခံသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒနှင့်အညီ ဦးတည်ချက် (၁၂)ရပ် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည်ထောင်စုကြီး ထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူ၊ ပြည်သားများကလည်း ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းလျက် တက်ညီလက်ညီ အသိစိတ်ဓာတ်ရှိရှိဖြင့် ဝိုင်းဝန်းကာကွယ် ထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် ဆိုသည်မှာ ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဥမကွဲသိုက်မပျက်၊ အေးအတူ၊ ပူအမျှ ပူးပေါင်းနေထိုင်လိုသည့် တစည်းလုံးတည်းသော မျိုးချစ်စိတ်ဓာတ်ဖြစ်သကဲ့သို့ ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြည်နယ်အားလုံး တစ်ဆက်တစ်စပ်တည်းဖြစ်ရေး၊ တစ်မြေတည်းတစ်ရေတည်းဖြစ်ရေး၊ တစ်သွေးတည်းတစ်သားတည်းဖြစ်ရေး ဆောင်ရွက်လျက်ရှိရာ ယနေ့ ပေါ်ထွန်းလာသော ဤတံတားကြီးသည် လက်တွေ့ကျသော သမိုင်းမှတ်တိုင်တစ်ခုဖြစ်ကြောင်း။

ရေလမ်းခရီးကို ကြည့်မည်ဆိုလျှင် ရခိုင်ပြည်နယ်သည် မြစ်ချောင်းပေါများသည့်အတွက် သဘာဝရေလမ်းကြောင်းဖြင့် တစ်မြို့နှင့်တစ်မြို့ ယခင်ကတည်းက ကူးလူးသွားလာမှုများ ရှိသကဲ့သို့ နိုင်ငံတကာနှင့် ဆက်သွယ်နိုင်သည့် ပင်လယ်ဝင်ပေါက်၊ ထွက်ပေါက် ရှိနေသော်လည်း လိုအပ်သော ခေတ်မီဆိပ်ခံတံတားများကို တိုးချဲ့တည်ဆောက်ပေးလျက်ရှိကြောင်း။

ယနေ့ဆိုလျှင် ကမ်းရိုးတန်းသွား သင်္ဘောများနှင့် အိမ်နီးချင်းနိုင်ငံများသို့ သွားလာသည့် သင်္ဘောများဆိုက်ကပ်အသုံးပြုနိုင်ရန် ရည်ရွယ်လျက် ၂၀၀၄ ခုနှစ်တွင် တိုက်ခတ်ခဲ့သော လေပြင်းမုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ဆိပ်ခံတံတားဟောင်းနေရာ၌ နိုင်ငံတော်က ဘဏ္ဍာငွေများ သုံးစွဲလျက်

ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

ပြည်နယ်၏ အခြေခံကျသော လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်စေမည့် ဆိပ်ခံတံတားအသစ်ကို တည်ဆောက်ဖွင့်လှစ်ပေးခဲ့၍ ရခိုင်ပြည်နယ်သည် လေကြောင်း၊ ကုန်းကြောင်းနှင့် ရေကြောင်းခရီး သုံးသွယ်လုံး ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာပြီဖြစ်သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

၂၀၀၆ ခုနှစ် ဧပြီ ၁၅ ရက် ရခိုင်ပြည်နယ်ခရီးစဉ်၌ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက နိုင်ငံတော်၏ စေတနာနှင့် ရည်ရွယ်ချက်ကို **"ဟိုတုန်းက ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုရင် စီးပွားရေး တွက်ခြေကိုက် မကိုက် ပြန်သုံးသပ်တယ်၊ ကျွန်တော်တို့ စီးပွားရေးတွက်ခြေကိုက်မကိုက် ပြန်သုံးသပ်တာ မဟုတ်ဘူး၊ ဒီဒေသဖွံ့ဖြိုးတိုးတက်ရမယ်ဆိုတဲ့ အခါမှာ လိုအပ်တဲ့ ရင်းနှီးမြှုပ်နှံမှုတွေ လုပ်ပြီးတော့ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ရမယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လုပ်ပေးတာဖြစ်တယ်၊ ဒါကြောင့် တိုင်းရင်းသား အားလုံး ညီညီမျှမျှ ဖွံ့ဖြိုးတိုးတက်စေချင်တယ်"**ဟု မိန့်ကြားခဲ့ကြောင်း။

ဤမိန့်ကြားချက်အပေါ် လက်တွေ့ဖြစ်ပေါ်လာသော အခြေခံအဆောက်အအုံများကိုအခြေခံလျက် စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်ရာ၌ နိုင်ငံတော်က ချမှတ်ပေးထားသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အခြေခံပြီး မိမိ ရေ မြေ သဘာဝနှင့် ကိုက်ညီသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းနှင့် ကုန်သွယ်မှုတို့ကို အဓိကထားတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ယခုဆိုလျှင် ရခိုင်ပြည်နယ်သည် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းပြီး စီးပွားရေးနှင့် လူမှုရေးကဏ္ဍများ သိသိသာသာ တိုးတက်အောင်မြင်မှု ကောင်းကျိုးရလဒ်များ စတင်ခံစားနေကြရပြီဖြစ်ကြောင်း၊ နိုင်ငံတော်က စေတနာ အပြည့်အဝထားကာ အရင်းအနှီးမြောက်မြားစွာဖြင့် လမ်း၊ တံတား၊ ဆေးရုံ၊ စာသင်ကျောင်း စသည့် အခြေခံအဆောက်အအုံများ တည်ဆောက်ပေးပြီးဖြစ်၍ တာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသား မိဘပြည်သူများက ဤဆိပ်ခံတံတားကြီး အပါအဝင် တိုးတက်ဖြစ်ထွန်းလာသော အခြေခံအဆောက်အအုံများကို ရေရှည်ခိုင်မြဲစွာ ရပ်တည်နေနိုင်အောင် စောင့်ရှောက်ကြရန်နှင့် အကျိုးရှိရှိ အသုံးချရန်လိုအပ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် **"တိုင်းရင်းသားများ ချစ်ကြည်ရေး ပြည်ထောင်စု လမ်းများ ဖောက်လုပ်ပေး"** ဆိုသည့်အတိုင်း နိုင်ငံတော်က ရခိုင်ပြည်နယ် အပါအဝင် ပြည်ထောင်စုကြီးအတွင်းရှိ ပြည်နယ်၊ ပြည်မအားလုံး တစ်ဆက်တစ်စပ်တည်းရှိရေးအတွက် လေကြောင်း၊ ကုန်းကြောင်းနှင့် ရေကြောင်း သုံးခုလုံးကို ကွန်ရက်ပမာ ဖောက်လုပ်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်၍ ပြည်နယ်၏ လူမှုစီးပွားလုပ်ငန်းများ၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလျက် ပြည်သူများ လူနေမှုဘဝ ပိုမိုမြင့်မားစေရေး ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်သွားကြရမည်ဖြစ်ကြောင်းနှင့် ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်ရာ ဒို့တာဝန်အရေးသုံးပါးကို အလေးအနက်ခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ညွှန်းပေးလျက်ရှိသော လက်တွေ့ဖြစ်ပေါ်လာသည့် ဤတံတားသစ်ကို သက်သေထူလျက် ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးကို တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက ဖောင်တော်ကြီး ကွန်ကရစ် ဆိပ်ခံတံတားနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယခင်က စစ်တွေမြို့သည် ရေကြောင်းလမ်းတစ်ခုတည်းကိုသာ အဓိကထားပြီး သယ်ယူပို့ ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေခဲ့ရာမှ ယခုအခါ စစ်တွေမြို့အပါအဝင် ရခိုင်ပြည်နယ် တစ်ခုလုံးသည် တစ်နိုင်ငံလုံးနှင့် ကုန်းလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းတို့ဖြင့် အလွယ်တကူ ကူးလူးဆက်သွယ်သွားလာနိုင်နေကြပြီဖြစ်သည့်အတွက် ရခိုင်ပြည်နယ်တစ်ခုလုံးသည် စီးပွားရေး၊ လူမှုရေး ပညာရေး၊ ကျန်းမာရေး အစရှိသည့်ကဏ္ဍပေါင်းစုံ၌ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေပြီဆိုသည်ကို အားလုံးကိုယ်တွေ့ ခံစားစံစားနေရပြီဖြစ်ကြောင်း။

နိုင်ငံတော်၏ စီမံခန့်ခွဲရေး၊ စီးပွားကုန်သွယ်ရေး၊ ထုတ်ကုန်ဖြန့်ဖြူးရေး၊ ကူးသန်းသွားလာရေး စသည့် ကဏ္ဍများ၏ ရည်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းရေးအတွက် ပို့ဆောင်ရေးကဏ္ဍသည် အလွန်အရေးကြီးလှကြောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လေကြောင်းနှင့် ရေကြောင်းပို့ဆောင်ရေးကဏ္ဍများ၌ ပြည်သူလူထု အလွယ်တကူ ချောမွေ့စွာ ခရီးသွားလာနိုင်ရေး၊ ကုန်ပစ္စည်းများ လွယ်ကူစွာပို့ဆောင်နိုင်ရေး၊ ကုန်စည်စီးဆင်းမှု အထောက်အကူပြုရေး၊ ခရီးသည်နှင့် ကုန်ပစ္စည်းများ လုံခြုံမှုရှိစေရေးစသည့် အခြေခံအချက်များနှင့်အညီ အားသွန်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယနေ့ တည်ဆောက်ပြီးစီးဖွင့်လှစ်ခဲ့သည့် ဖောင်တော်ကြီး ဆိပ်ခံတံတားနှင့်ပတ်သက်ပြီး အနည်းငယ် ရှင်းလင်းတင်ပြလိုကြောင်း၊ ဖောင်တော်ကြီး ဆိပ်ခံတံတားဟောင်းသည် အင်္ဂလိပ် ကုမ္ပဏီတစ်ခုဖြစ်သည့် Martin Co., Ltd က ၁၈၇၆ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး အသုံးပြု သက်တမ်း ၁၂၉နှစ် ကြာမြင့်ခဲ့ပြီးဖြစ်ကြောင်း၊ သက်တမ်းနှစ် ၁၀၀ ကျော်ခဲ့ပြီဖြစ်၍ အောက်ခြေ သံမဏိပိုင်တိုင်များလည်း သံချေးစား ဆွေးမြည့်နေပြီ ဖြစ်သည့်အတွက် ၂၀၀၄ ခုနှစ်တွင် လေပြင်းမုန်တိုင်း တိုက်ခတ်မှုကြောင့် ဆိပ်ခံတံတား မျက်နှာစာ ပြိုကျပျက်စီးသွားခဲ့ရကြောင်း၊ ဆိပ်ခံတံတား မရှိတော့ခြင်းကြောင့် ရေယာဉ်များ ဆိုက်ကပ်နိုင်ခြင်း မရှိတော့ဘဲ ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုတွင် အခက်အခဲများစွာ ဖြစ်ပေါ်ခဲ့ကြောင်း၊ တိုင်းရင်းသားပြည်သူများ၏ စီးပွားရေးဘဝ၊ လူမှုရေးဘဝ တိုးတက်ဖြစ်ထွန်းမှုတွင် အလွန်ပင် အရေးကြီးလှသည့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ကုန်စည်စီးဆင်းမှု သွက်လက်မှန်ကန် မြန်ဆန်ရေးတို့ကို အထူးဝါယမ စိုက်ထုတ်ဖော်ဆောင်ပေးနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် ပြည်နယ်မြို့တော်၏ ကြီးမားသည့် အခက်အခဲကို အမြန်ဆုံးအဆင်ပြေစေရန် ခေတ်မီဆိပ်ခံတံတားသစ်ကြီး တစ်ခုကို အမြန်ဆုံးတည်ဆောက်ရန် လမ်းညွှန်ချက်နှင့်အညီ ယခုဖောင်တော်ကြီး ဆိပ်ခံတံတားသစ်ကြီးကို တည်ဆောက်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ဤတံတားသစ်ကြီးကို တည်ဆောက်ရာတွင် တန်ချိန် ၄၀၀၀ တင် ရေယာဉ်များ ဆိုက်ကပ်နိုင်သည့် ခေတ်မီသံကူကွန်ကရစ် ဆိပ်ခံတံတားအဖြစ်သာမက ကမ်းရိုးတန်းသွား သင်္ဘောများ၊ အိမ်နီးချင်းနိုင်ငံများမှ ပင်လယ်ကူးသင်္ဘောကြီးများပါ ဆိုက်ကပ်အသုံးပြုနိုင်ရန် ရည်ရွယ်တည်ဆောက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဤဆိပ်ခံတံတားသစ်ကြီးသည် မူလတံတားဟောင်း၏ ချဉ်းကပ်တံတားအရှည်ထက် ၁၀၁ ပေ ရေလယ်ဘက်သို့ တိုးထားခြင်းကြောင့် ရေစူးပိုမိုများသည့် ရေယာဉ်များ ဆိုက်ကပ်လာနိုင်မည် ဖြစ်ပါကြောင်း။

ဤဆိပ်ခံတံတားသစ်ကြီးသည် မြန်မာ့ကြယ်ငါးပွင့်လုပ်ငန်းမှ တန်ချိန် ၄၀၀၀ရှိသည့် ကမ်းရိုးတန်းသွားသင်္ဘောများ ဆိုက်ကပ်နိုင်မည်ဖြစ်၍ ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးတွင် ပိုမိုသွက်လက်မြန်ဆန်လာစေမည် ဖြစ်ကြောင်း။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ဤဖောင်တော်ကြီး ကွန်ကရစ်ဆိပ်ခံတံတားကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းပြည့်မီစွာ အကောင်ထည်ဖော် တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဖြစ်၍ ဒေသခံပြည်သူ များအတွက် ရေကြောင်းမှတစ်ဆင့် ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့စေရေးကို အထောက်အကူပြုနိုင်မည်ဖြစ်သည့်အပြင် ဒေသတွင်း စီးပွားရေးနှင့် လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေး အတွက်လည်း ဘက်စုံကဏ္ဍစုံမှ များစွာ အထောက်အကူ ပြုစေနိုင်မည်

ပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် သိန်းဆွေ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

ဖြစ်သည့်အတွက် ရခိုင်ပြည်နယ်အတွက်သာမက နိုင်ငံတော်အတွက်ပါ အလွန်ဝမ်းမြောက်ဖွယ်ကောင်းသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ ဤဆိပ်ခံတံတားသစ်ကြီးသည် ယခုအချိန်ကစပြီး စစ်တွေမြို့၏ အခြားအထိမ်းအမှတ်နေရာများနည်းတူ စစ်တွေမြို့၏ ကျက်သရေဆောင် အထိမ်းအမှတ်နေရာတစ်ခုအဖြစ် ထာဝစဉ် တည်ရှိနေမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒေသခံ တိုင်းရင်းသားပြည်သူများကိုယ်စား ဒေသခံ ပြည်သူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဖောင်တော်ကြီးဆိပ်ခံတံတား ဖွင့်ပွဲအထိမ်းအမှတ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေတို့က ဖောင်တော်ကြီး ဆိပ်ခံတံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့် ဝန်ကြီးတို့သည် အခမ်းအနား တက်ရောက်လာကြသည့် ဒေသခံ တိုင်းရင်းသား ပြည်သူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖောင်တော်ကြီး ကွန်ကရစ် ဆိပ်ခံတံတားကြီးကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် မောင်ရှိန်နှင့် အဖွဲ့ဝင်များအား ဖောင်တော်ကြီး ကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်ရေးလုပ်ငန်း ရှင်းလင်းဆောင်၌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဌေးတို့က ဖောင်တော်ကြီး ကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်ပြီးစီးမှု လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဖောင်တော်ကြီး ကွန်ကရစ် ဆိပ်ခံတံတားသည် တန်ချိန် ၄၀၀၀တင် သင်္ဘောများ ဆိုက်ကပ်နိုင်မည့် မျက်နှာစာ အလျားပေ ၂၄၀၊ အကျယ် ၄၈ ပေရှိ ဆိပ်ခံတံတားနှင့် အလျား ၄၄၄ ပေ၊ အကျယ် ၂၄ ပေရှိ ချဉ်းကပ်တံတားတစ်ခု ပါဝင်မည့် ခေတ်မီခိုင်ခံ့သော သံကူကွန်ကရစ် ဆိပ်ခံတံတားဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း စစ်တွေဆိပ်ကမ်း ဖောင်တော်ကြီး ကွန်ကရစ် ဆိပ်ခံတံတားကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဒေသခံ တိုင်းရင်းသားပြည်သူများကိုယ်စား ဒေသခံ ပြည်သူ တစ်ဦးက ကျေးဇူးတင်စကား ပြောကြားစဉ်။

(သတင်းစဉ်)

ကြေးမုံ The Mirror

ပြည်တွင်းသတင်းမှတ်စု

ကံ့ကော်တစ်ထောင် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ပေချောင်းကြီးကျေးရွာရှိ ကံ့ကော်တစ်ထောင် သာသနာ့နယ်မြေတွင် ပဓာန နာယက ကံ့ကော်တစ်ထောင်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေလာသ ဦးဆောင်ပြီး ကံ့ကော်တစ်ထောင် ဗုဒ္ဓပူဇနိယပွဲတော်ကို ၁၃၆၈ခုနှစ် တပေါင်းလဆန်း ၁ရက်မှ တပေါင်းလပြည့်နေ့အထိ ၁၅ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဝေနေယျများကြွရောက်ဖူးမြော်ကြရန် နှိုးဆော်ထားသည်။

သုဝဏ္ဏရိပ်သာ ရေစက်ချတရားပွဲ

သုဝဏ္ဏမြို့ ကောက်လျင်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၄၈) ဓမ္မရိပ်သာကြီး၌ ရေသန့်စက်အလှူ၊ ခေတ်မီမီးဖိုအလှူ၊ ကျောင်းဆောက်လုပ်ရေး နဝကမ္မအလှူတော်တို့အတွက် ရေစက်ချတရားပွဲကို မတ် ၃ရက် မွန်းလွဲ ၁နာရီတွင် ကျင်းပမည်ဖြစ်ပြီး မိုးကုတ်နယ်လှည့် ဓမ္မကထိက အရှင်ဩဘာသ (သာသနတက္ကသိုလ ဓမ္မာစရိယ B.A)အရှင်မြတ်က အနမောဒနာတရားတော်များကို ဟောကြားမည်ဖြစ်၍ အလှူရှင်များနှင့် ဓမ္မမိတ်ဆွေများကြွရောက်နိုင်ကြောင်း နှိုးဆော်ဖိတ်ကြားထားသည်။

နယ်စပ်/စည်ပင်ဝန်ကြီးဌာန သင်တန်းများဆင်းပွဲကျင်းပ

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းသည် ဖေဖော်ဝါရီ ၁၆ရက် နံနက် ၈နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသော စီမံခန့်ခွဲရေးသင်တန်း အမှတ်စဉ်(၂၇)၊ အဆင့်မြင့်အိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၁၄)၊ အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး)သင်တန်း အမှတ်စဉ်(၁)၊ ယဉ်ကျေးမှုနည်းပြများမွမ်းမံသင်တန်း အမှတ်စဉ်(၃)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ်(၄၆)နှင့် (၄၇) သင်တန်းများဆင်းပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကား ပြောကြားသည်။

စာပေနှင့်စာနယ်ဇင်းအဖွဲ့ နှစ်ပတ်လည်စည်းဝေး

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ၂၀၀၆ ခုနှစ် လုပ်ငန်းဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၁ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်တင်(မောင်ငြိမ်းသူ-ကို့ပင်ကောက်)၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမြင့်ကြွယ်(မောင်မြင့်ကြွယ်)နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနိုင်ဝင်းတို့က အမှာစကား ပြောကြားကြသည်။ မြို့နယ် အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို အတွင်းရေးမှူး ဦးခင်မောင်လွင်(ခင်မောင်လွင်-မြန်မာစာ)က လည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းကို ဘဏ္ဍာရေးမှူး ဦးဝင်းမောင် (ရေနံ့သာဝင်းမောင်)က လည်းကောင်း ဖတ်ကြားတင်ပြကြကြောင်း သတင်းရရှိသည်။ (ကြေးမုံ)

မီးသတ်တပ်ဖွဲ့ဝင်များ စိတ်ဓာတ်၊ စည်းကမ်းနှင့် မီးသတ်စွမ်းရည်တိုးတက်ရေးဆောင်ရွက် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ မီးသတ်ဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌မှာကြား

ရန်ကုန် ဖေဖော်ဝါရီ ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေသည် ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပသော မီးသတ်ဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကား ပြောကြားသည်။ (ယာပုံ)

လုပ်ငန်း ညှိနှိုင်းအစည်းအဝေးသို့ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ အရာရှိကြီးများ၊ ပြည်နယ်၊ တိုင်းမီးသတ်ဦးစီးဌာနမှူးများ တက်ရောက်ကြသည်။

ပူးပေါင်းဆောင်ရွက်

ရှေးဦးစွာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေက နိုင်ငံတော်၏ လက်ရှိအခြေအနေနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်များကို ထပ်ဆင့်ရှင်းလင်းမှာကြားပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်နေသကဲ့သို့ မီးသတ်စခန်းများ အဆင့်မီရေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ စိတ်ဓာတ်နှင့် စည်းကမ်းအပြင် မီးသတ်လုပ်ငန်းစွမ်းရည်တိုးတက်ရေး ဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ မီးဘေးကြိုတင်ကာကွယ်ရေးအတွက် စစ်ဆေးရေးလုပ်ငန်းများကို စီမံချက်နှင့်အညီ ဆောင်ရွက်ပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ်များ အဆင်သင့်ဖြစ်ရေး စနစ်တကျ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ နိုင်ငံအကျိုးပြုလုပ်ငန်းများတွင် ကျရာကဏ္ဍမှ ကြိုးစားဆောင်ရွက်သွားကြပြီး နိုင်ငံတော် တိုးတက်ရေးအတွက် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြပြီး ဗဟိုမီးသတ်သင်တန်းကျောင်း ကျောင်းအုပ်ကြီးနှင့် ပြည်နယ်၊ တိုင်း မီးသတ်ဦးစီးဌာနမှူးများက ကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးတင်ပြချက်များအပေါ် ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များ ဖြည့်စွက်မှာကြားကာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ကြည့်ရှုစစ်ဆေး

အစည်းအဝေးအပြီးတွင် ဝန်ကြီးသည် ဗဟိုမီးသတ်သင်တန်းကျောင်းနှင့် လေ့ကျင့်ရေးဌာနများတွင် လေ့ကျင့်သင်ကြားရေးအတွက် ဓာတ်ခွဲခန်း၌ အသုံးပြုမည့် ဓာတ်ခွဲခန်းသုံး ဆက်စပ်ပစ္စည်းများ၊ မီးသတ်ဦးစီးဌာန အင်ဂျင်နီယာအရာရှိများ တီထွင်တည်ဆောက်ထားသော လက်တွန်းထွန်စက် (ထော်လာဂျီမီးသတ်ယာဉ်) နှင့် မီးသတ်ရေပက်ပန့်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၉-၂-၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀	၁။	မြဝတီအဖွင့်
၇:၀၅	၂။	အဖွင့်သီချင်း
၇:၁၀	၃။	မျိုးချစ်တပ်မတော်
၇:၂၀	၄။	မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇:၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။	မြဝတီအဖွင့်
၄:၀၅	၂။	အဖွင့်သီချင်း
၄:၁၅	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၅	၄။	ကြည်နူးနားဆင်ပြုံးပျော်ရွှင်
၄:၃၀	၅။	ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀	၆။	မျိုးချစ်တပ်မတော်
၅:၁၀	၇။	ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၃၀	၈။	သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၀။	နိုင်ငံတကာသတင်း
၆:၂၀	၁၁။	မိုးလေဝသသတင်း
၆:၂၅	၁၂။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅	၁၃။	လျှပ်တစ်ပြက်
၇:၀၀	၁၄။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မြစ်တစ်စင်းရဲ့သံစဉ်" (အပိုင်း-၂၂)**
၈:၀၀	၁၅။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။	မေးမြန်းစုံစမ်း
	၁၈။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၁၉။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်း(၈)ကွက်" (အပိုင်း-၇)**
	၂၀။	သင့်အတွက်မနက်ဖြန်
	၂၁။	အပိတ်နှုတ်ဆက်စကား
	၂၂။	ပြီးပါပြီ။

ဖေဖော်ဝါရီ ၁၄ ရက်က သဃ်န်းကျွန်းမြို့နယ် ဈ/တောင် ရပ်ကွက်အတွင်း တည်ထားကိုးကွယ်လျက်ရှိသော ဥက္ကလာဦး ဓမ္မဆုတောင်းပြည့်စေတီတော် ကြေးပြား ရွှေသင်္ကန်း ကပ်လှူရန်အတွက် သဃ်န်းကျွန်းမြို့နယ်၊ (၁၆/၃) ရပ်ကွက် ကံ့ကော်ရိပ်သာလမ်းနေ အလှူရှင် (ဦးသန်းမြင့်)-ဒေါ်သီသီဝင်း မိသားစုက အလှူတော်ငွေကျပ် တစ်သိန်းတစ်သောင်းကို ရွှေသင်္ကန်းကပ်လှူဖြစ်မြောက်ရေးအဖွဲ့ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ကွယ်လွန်သူ နှစ်ဖက်သော မိဘများကိုအမှူးထား၍ ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မြေနီကုန်း ရန်ကင်းလမ်းနေ ဦးစိုးမြင့်-ဒေါ်မြငွေ၊ သား ကျော်မိုးနိုင်မြင့်၊ ပြည်စိုးနိုင်မြင့်၊ မျိုးမင်းထွန်း၊ သမီး မခင်မိုးသူစိုး မိသားစုက အလှူတော်ငွေကျပ် ၁၁၀၀၀၀ ကို မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်ဣန္ဒက(တော်ကူး)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

တာမွေ ကြီးပွားရေးဓမ္မာရုံ အထူးတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

တာမွေမြို့နယ် တာမွေကြီး က/ဂ ရပ်ကွက်လုံးဆိုင်ရာ တာမွေကြီးပွားရေးဓမ္မာရုံကြီး၏ (၇၆)နှစ်မြောက် ဆွမ်းဒါနအောင်ပွဲ အထိမ်းအမှတ်အဖြစ် အထူးတရားပွဲကို ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၉ ရက်တွင် အရှင်ဒေဝိန္ဒာလင်္ကာရာဘိဝံသ (သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်)၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် အရှင်ခေမာသိရီလင်္ကာရ (ရွှေပြည်ဟိန်းဆရာတော်) ဖေဖော်ဝါရီ ၂၁ရက်တွင် အရှင်ဆေကိန္ဒ (ဓမ္မဒူတဆရာတော်)၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် သီတဂူ ကမ္ဘာ့ဗုဒ္ဓတက္ကသိုလ် အဓိပတိ အရှင်ဉာဏိဿရတို့က ဓမ္မာရုံကြီး၏ ဥပစာရှေ့၌ ညစဉ် ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်းနှင့် အဆိုပါတရားပွဲတွင် သီတဂူ အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓသာသနာပြုဗိမာန်တော်ကြီးဆောက်လုပ်ခြင်းအတွက် အလှူငွေများလှူဒါန်းလိုပါက ဖုန်း- ၀၉-၉၉-၇၃၃၆၇၊ ၀၉-၅၁၁၅၇၈၄၊ ၅၄၅၂၈၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က-ပ)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊အမှတ်(၈)ဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၃)၊ အမှတ်(၈)တွင် စားသုံးသူ အခွန်ဆောင်ပြီးကြောင်း တံဆိပ်တုံးများ စားသောက်ဆိုင်များသို့ ပြည်တွင်းအခွန်ဦးစီးဌာနက ပေးအပ်ထားပြီးဖြစ်၊ ရန်ကုန်တိုင်းအတွင်း တစ်ရက်လျှင် ဂျီအက်စ်အမ်ဖုန်းလေးရာခန့်ချပေးနေ၊ သဃ်န်းကျွန်းစံပြဆေးရုံကြီးတွင် အပ်စိုက်အထူးကု ပြင်ပလူနာခန်းဖွင့်၍ ကုသသွားရန်စီစဉ်၊ ပြည်တွင်းထုတ် အပျော်စီးဇိမ်ခံသင်္ဘောများဝယ်ယူနိုင်ပြီ၊ မြန်မာ့စီးပွားရေးဘဏ်(ချေးငွေဌာန)အနေဖြင့် စက်မှုလုပ်ငန်းရှင်များကို ချေးငွေပိုမိုထုတ်ချေးပေးနိုင်ခဲ့၊ ပြည်ပသင်္ဘောလိုင်းများမှ မြန်မာကျွမ်းကျင်သင်္ဘောသားများခေါ်မည် စသည့် ပြည်တွင်းရေးရာသတင်းများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

'ဖာဂူဆန်နှင့် မန်ယူအသင်းသားတို့ရဲ့ ချန်ပီယံအိပ်မက်ကို ဘယ်သူလုနိုးဦးမှာလဲ' အားကစားဆောင်းပါးနှင့်အတူ ကုလသမဂ္ဂ၌ ဘွဲ့တုဖြင့်အမှုထမ်းနေသူ အလုပ်မှရပ်စဲခံရ၊ ဂျပန်ရောက် အမေရိကန်များ ဒုံးရေးတပြုပြု၊ ဟင်းပွဲဆယ်ပွဲပါ စားတော်ပွဲ ဒေါ်လာနှစ်သောင်းငါးထောင်၊ ၂၀၂၀ပြည့်နှစ်တွင် တရုတ်နိုင်ငံသည် ကမ္ဘာ့ညေ့်ဦးတည်ရပ်နံပါတ်တစ်ဖြစ်လာဖွယ်ရှိ၊ တက္ကစီယာဉ်မောင်းစိန်ထုပ်ကြီးကို ပြန်ပေး စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက် ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍ စုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

➪ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းမှ

မိုးဗြဲရေလှောင်တမံကို ဘီလူးချောင်းရေအားလျှပ်စစ်အမှတ် (၁)နှင့် အမှတ်(၂) ဓာတ်အားပေးစက်ရုံ(လောပိတ)မှ လျှပ်စစ်ဓာတ်အားကို အဆက်မပြတ် ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့်ရေကို သိုလှောင်ထုတ်လွှတ်ပေးရန်၊ လယ်မြေဧက ၂၀၀၀၀ကို စိုက်ပျိုးရေပေးဝေရန်နှင့် ရှမ်းပြည်နယ်အင်းလေးကန်နှင့် ကယားပြည်နယ် လွိုင်ကော်မြို့အကြား ရေကြောင်းသွားလာပို့ဆောင်ရေး တိုးတက်ကောင်းမွန်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ မြေသားတမံအမျိုးအစားဖြစ်ပြီး တမံအရှည်ပေ၈၁၀၀၊ တမံအမြင့် ပေ၆၀ ဖြစ်သည်။ရေလှောင်ကန်၏ အမြင့်ဆုံးရေအမှတ်မှာ ပင်လယ်ရေမျက်နှာပြင်မှ ၂၈၉၇ဒသမ ၇၀ပေ၊ ၁၉၉၇ခုနှစ် အနိမ့်ဆုံးရေအမှတ်မှာ ပင်လယ်ရေမျက်နှာပြင်မှ ၂၈၇၄ဒသမ ၄၂ပေ၊ ပုံမှန်ရေမျက်နှာပြင်အမှတ်မှာ၂၈၉၇ပေ ဖြစ်သည်။၁၉၇၁ခုနှစ်မှ ၂၀၀၀ပြည့်နှစ်အထိ ၁၀နှစ်ပျှမ်းမျှရေလှောင်ကန်၏အမြင့်မှာ ပင်လယ်ရေမျက်နှာပြင်မှ ၂၈၉၃ပေဖြစ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့်ဆက်လက်ထွက်ခွာလာပြီး ဖယ်ခုံမြို့အဝင် မိုးဗြဲရေလှောင်တမံ ကမ်းနဖူးမှနေ၍ မိုးဗြဲရေလှောင်ကန်၏ ရေသိုလှောင်ထားရှိမှုနှင့် ရေထုတ်တံခါးများမှ ရေထုတ်လွှတ်ပေးနေမှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

ထို့နောက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယကဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ဖယ်ခုံမြို့နယ်မြေခံတပ်နယ်ခန်းမ၌ ဖယ်ခုံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြားသည်။

ထိုသို့ တွေ့ဆုံမှာကြားရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနာယက ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အတူလက်တွဲပြီး တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်ကြရေး၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်းများဖြင့်ဒေသအတွင်းစံနမူနာပြလုပ်ဆောင်ကြရေးနှင့် ဒေသခံတောင်သူများအားလည်းလိုအပ်သည်များ ပံ့ပိုးကူညီဖြည့်ဆည်း ဆောင်ရွက်ပေးသွားကြရန်ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက်ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးနှင့်အဖွဲ့သည် ဖယ်ခုံမြို့ နယ်မြေခံတပ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တပ်ရင်းခန်းမ၌တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဒေသခံတိုင်းရင်းသားပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ရေး မှာကြားပြီး ထောက်ပံ့ငွေကျပ်၁၀သိန်း ပေးအပ်ကာ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် လွိုင်ကော်–ပင်လောင်း–တောင်ကြီးလမ်းအတိုင်း ဆက်လက်ထွက်ခွာလာပြီး လမ်း၊ တံတားအခြေအနေနှင့် လမ်းဘေးဝဲ၊ယာရှိ တောင်စောင်းများနှင့် လမ်းဘေးတို့တွင် စိုက်ပျိုးထားသောကြက်သွန်နီစိုက်ခင်းများနှင့် အခြားသီးနှံများ ဖြစ်ထွန်းအောင်မြင်နေမှုအခြေအနေများကို မော်တော်ယာဉ်ပေါ်မှကြည့်ရှု စစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်းမြို့နယ် နောင်တရားမြို့ အောင်ပန်း–လွိုင်ကော်ကားလမ်းအရှေ့ဘက်၌ Dragon Cement Co.,Ltd. ၏ နဂါးဘိလပ်မြေစက်ရုံစီမံကိန်း(တီကျစ်)သို့ရောက်ရှိကြရာ Dragon Cement Co.,Ltd. ဥက္ကဋ္ဌ ဦးနေဝင်းထွန်းက စီမံကိန်းလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၊ အဆောက်အအုံများဆောက်လုပ်မှု၊ စက်ပစ္စည်းများရောက်ရှိမှု၊ ကုန်ကြမ်းရရှိရေး အစီအမံများကိုလည်းကောင်း၊ စီမံကိန်းမန်နေဂျာဦးကျော်လွင်က စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့်ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ တိုင်းမှူးဗိုလ်မှူးချုပ်သောင်းအေးက ပုဂ္ဂလိက စက်မှုလက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီဖြည့်ဆည်းဆောင်ရွက်ပေးမှုများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးကဏ္ဍကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုပြီး သွင်းကုန်အစားထိုးကုန်ထုတ်လုပ်ငန်းဖြစ်၍ စက်ရုံတည်ဆောက်စဉ်ကပင် ချို့ယွင်းအားနည်းချက်များ မရှိစေရေးအတွက် တည်ဆောက်ပြီး အခြားဘိလပ်မြေစက်ရုံများသို့လည်း သွားရောက်လေ့လာ၍ စနစ်တကျစီမံဆောင်ရွက်သွားရန်နှင့် ကုန်ဈေးများကို ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်သို့ပါ ထိုးဖောက်တင်ပို့ရောင်းချနိုင်အောင် အရည်အသွေးစံချိန်စံညွှန်းပြည့်မီအောင်စီမံဆောင်ရွက်ရန်မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် စက်ရုံအဆောက်အအုံများ တည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ဘိလပ်မြေစက်ရုံသည် တစ်နေ့လျှင်ဘိလပ်မြေ တန်၆၀၀ ထွက်ရှိမည်ဖြစ်ကြောင်းသိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် ပင်လောင်း–ကလော–အောင်ပန်း–ညောင်ရွှေ–တောင်ကြီး ကားလမ်းအတိုင်း မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာပြီး လမ်းတစ်လျှောက်လမ်းဘေး ဝဲယာ၌ တစ်ဆက်တစ်စပ်တည်းစိုက်ပျိုးထားသော ကြက်သွန်၊ နေကြာ၊ ပဲစင်းငုံ ခင်းများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှု အခြေအနေများ၊ လမ်း၊ တံတား အခြေအနေများနှင့် မြို့များ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် သာယာလှပမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

(သတင်းစဉ်)

❍ ခေါင်လန်ဖူးမှ

များမှ စတင်၍လည်းကောင်း၊ မြဝတီရုပ်မြင်သံကြား အစီအစဉ်များကို အရုပ်၊ အသံ ကြည်လင်ပြတ်သားစွာဖြင့် ထုတ်လွှင့်ပေးလျက်ရှိသည်။

ယခုအခါ ယင်းဒေသများ၌ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်နှင့် မြဝတီရုပ်မြင်သံကြား အစီအစဉ်နှစ်မျိုးစလုံးကို ဖမ်းယူကြည့်ရှုနိုင်ပြီဖြစ်၍ ဒေသခံပြည်သူများ ပျော်ရွှင်ဝမ်းမြောက်နေကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ နိုင်ငံတော်မှ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့် တာဝန်ရှိသူများနှင့်အတူ ရန်ကုန်တိုင်းမှော်ဘီမြို့နယ်ရှိ မြောင်းတကာစက်မှုဇုန်ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေး၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်၊ မှော်ဘီတပ်နယ်မှ ဗိုလ်မှူးချုပ်မြင့်နောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေအား ယာယီရှင်းလင်းဆောင်၌ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက မြောင်းတကာ သံမဏိစက်မှုဇုန် မြေကွက်များ ဖော်ထုတ်ပြီးစီးမှု၊ မြေသားလမ်းနှင့်ကွန်ကရစ်လမ်းများဖောက်လုပ်ပြီးစီးမှု၊ တံတားနှစ်စင်းတည်ဆောက်ပြီးစီးမှု၊ အုတ်ရေမြောင်းများ ဖောက်လုပ်ပြီးစီးမှု၊ မြေသားတမံများ ဆောင်ရွက်ပြီးစီးမှု၊ လျှပ်စစ်ဓာတ်အားလိုင်းများ သွယ်တန်းရန် စီစဉ်ဆောင်ရွက်ထားမှု၊ ရေတံခါးများတည်ဆောက်ပြီးစီးမှု၊ သံမဏိစက်မှုဇုန်တွင် မြေကွက်များ ရောင်းချပြီးစီးမှုနှင့် ငွေပေးသွင်းမှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က သံမဏိစက်မှုဇုန်အတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများရရှိရေးအတွက် စီစဉ်ဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက်အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က မြောင်းတကာလျှပ်စစ်ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဝေပေးလွှတ်မှု အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အင်ဂျင်နီယာချုပ် ဦးထွန်းအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဓာတ်အားလိုင်းသွယ်တန်းမှု

ယင်းနောက်အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က မြောင်းတကာ ဓာတ်အားခွဲရုံသို့ ရွှေတောင်ဓာတ်အားခွဲရုံမှ သွယ်တန်းမှုအခြေအနေနှင့် ပဲခူး–ကမာနတ်မှ သွယ်တန်းမှုအခြေအနေ၊ ပဲခူး–ကမာနတ်မှ သန်လျင်ဓာတ်အားခွဲရုံသို့ သွယ်တန်းမည့် အခြေအနေ၊ သန်လျင်ဓာတ်အားခွဲရုံနှင့် သာကေတဓာတ်အားခွဲရုံသို့ ၂၃၀ ကေဗွီ ဓာတ်အားလိုင်း သွယ်တန်းမှုအခြေအနေ၊ ဧရာဝတီမြစ်အနောက်ဘက်ကမ်းတွင် မုံရွာ–ဟသ်ာတ–ကမာနတ် ၅၀၀ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းမည့်အခြေအနေ၊ တောင်ငူဓာတ်အားခွဲရုံမှ ရွှေတောင်ဓာတ်အားခွဲရုံသို့ ၂၃၀ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းမှုအခြေအနေ၊ မြောင်းတကာ ဓာတ်အားခွဲရုံသို့ ရွှေတောင်မြို့မှ တစ်လိုင်း၊ပဲခူး–ကမာနတ်မှတစ်လိုင်း၊ ဟသ်ာတမှတစ်လိုင်း သွယ်တန်းမှုနှင့် မဟာဓာတ်အားလိုင်း သွယ်တန်းမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်မောင်က မြောင်းတကာကန်ကလေးလျှပ်စစ်မြစ်ရေတင်စက်ရုံမှ ရေပေးဝေနိုင်မည့်အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းငွေးက မြောင်းတကာစက်မှုဇုန်အနီး၌ အမှတ်(၄) ဓာတ်မြေဩဇာစက်ရုံ စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်မည့် အစီအစဉ်များနှင့် ကမ်းလွန်မှထွက်ရှိသည့် သဘာဝဓာတ်ငွေ့ကို လုပ်ငန်းရှင်များအားဖြန့်ဝေမည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ပံ့ပိုးကူညီမည်

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက ရန်ကုန်တိုင်း၏ စီးပွားရေးပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလက်မှုကဏ္ဍမှာ များစွာအရေးပါကြောင်း၊ စက်မှုဇုန်များ မြန်မြန်အကောင်အထည်ဖော်ပြီး လုပ်ငန်းများလည်ပတ်ပါက ရန်ကုန်တိုင်း၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များ ဆောလျင်စွာအကောင်အထည်ဖော် လည်ပတ်နိုင်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်ကလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိအနေဖြင့်လည်းလိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေက အမှာစကားပြောကြားရာတွင် မြန်မာ့စက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လုပ်ငန်းလမ်းညွှန်ချက်နှင့်အညီ စက်မှုဇုန်များကို တာဝန်ရှိသူများက ကဏ္ဍအလိုက် ပံ့ပိုးကူညီပေးလျက်ရှိကြောင်း၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကဏ္ဍမှာအရေးပါကြောင်း၊ နိုင်ငံတော်စက်မှုလက်မှုကဏ္ဍသည် ၂၀၀၅–၂၀၀၆ ဘဏ္ဍာနှစ်ကုန်၌ နိုင်ငံတော်၏ ဂျီဒီပီတွင် ၁၇ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်ကြောင်း၊ ယခု ၂၀၀၆/၂၀၀၇ဘဏ္ဍာနှစ်ကုန်၌ ၁၈ ဒသမ ၉ ရာခိုင်နှုန်းရှိရန် ရည်မှန်းဆောင်ရွက်နေသဖြင့် စက်မှုဇုန်များအဓိကရှိသော မိမိတို့ရန်ကုန်၌ ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ ထို့ကြောင့်ယခုအသစ်ဆောက်လုပ်လျက်ရှိသည့် မြောင်းတကာသံမဏိစက်မှုဇုန်ကိုလည်းလိုအပ်သည်များကို ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးသွားမှာ ဖြစ်ကြောင်း။

ဝယ်လိုအားရှိ

စက်မှုကုန်များမှထွက်ရှိသည့် ပြည်ပပို့ကုန်များမှာ ပြည်ပဈေးကွက်တွင် ဝယ်လိုအားရှိနေပြီဖြစ်ကြောင်း၊ ပြည်ပပို့ကုန်များအပါအဝင်သွင်းကုန်အစားထိုးကုန်များကိုလည်း စက်မှုဇုန်များက ထုတ်လုပ်နိုင်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူအဆင့်ဆင့်က စက်မှုလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးပြီးလိုအပ်သည်များကို ပံ့ပိုးကူညီပေးရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ကူညီပံ့ပိုးဖြည့်ဆည်းပေးသည်။

မြောင်းတကာသံမဏိစက်မှုဇုန်သည် ၆၃၂ ဒသမ ၉၆ ဧက ကျယ်ဝန်းပြီး ပေ၂၀၀xပေ၄၀၀ အကျယ်ရှိမြေကွက်ပေါင်း ၃၄၄ ကွက်ကို ဖော်ထုတ်ထားရှိကြောင်းသိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် မော်တော်ယာဉ်ဖြင့် မြောင်းတကာ သံမဏိစက်မှုဇုန်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ အမှတ်(၄) လမ်းမကြီးနှင့် ရန်ကုန်မြို့ပတ်ရထားလမ်း နွယ်ခွေ–လှော်ကားမြို့ပတ် မီးရထားလမ်းပိုင်းသို့ ရောက်ရှိပြီး နွယ်ခွေ–လှော်ကားမြို့ပတ်ရထားလမ်းပိုင်း ၁ ဒသမ ၇၇ မိုင် ဖောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ရှင်းလင်းတင်ပြသည်။

သာခုကန်စက်မှုဇုန်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာကြရာ ညနေ ၄ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် သာခုကန်စက်မှုဇုန်ရှိ ခိုင်ခိုင်ဂရု(ပ်)သို့ ရောက်ရှိကြပြီး စက်ရုံခန်းမ၌ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းကရွှေပြည်သာ သာခုကန်စက်မှုဇုန် အကောင်အထည်ဖော်ဆောင်ရွက်မှု၊ မြေကွက်များ ဖော်ထုတ်ရောင်းချမှုနှင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန စီမံကိန်းမန်နေဂျာ ဦးသိန်းဆွေက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ခိုင်ခိုင်ဂရု(ပ်)စက်ရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ညနေပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ဖေဖော်ဝါရီ ၁၇ ရက်က သဃ်န်းကျွန်းမြို့နယ် အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ပြည့်ပိုင်ဟိန်းအား ကျောင်းအုပ် ဆရာမကြီး ဒေါ်ဝင်းမြင့်က ဂုဏ်ပြုလက်မှတ်နှင့်ဆုငွေချီးမြှင့်စဉ်။ (ပညာရေး)

ပဥ္စမအကြိမ် သဒ္ဓမ္မဟိတကာရီ စာမေးပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် မင်္ဂလာလမ်းရှိ မင်္ဂလသီရိပရိယတ္တိစာသင်တိုက်မှကြီးမှူးကျင်းပသော ပဥ္စမအကြိမ် သဒ္ဓမ္မဟိတကာရီ စာမေးပွဲကို ဖေဖော်ဝါရီ ၂၆ ရက်မှ မတ် ၅ ရက်အထိ ကျင်းပမည်ဖြစ်သည်။

စာမေးပွဲတွင် ပထမကြီးတန်း၊ ပထမလတ်တန်း၊ ပထမငယ်တန်း အခြေပြုမူလတန်းနှင့် ရှင်ငယ်တန်းများကို ဖော့ကန်ရပ်ကွက်အတွင်းရှိ စာသင်တိုက်များမှ ရဟန်းသာမဏေ အပါး ၂၃၀ ကျော် ဝင်ရောက်ဖြေဆိုကြမည်ဖြစ်ပြီး စာအောင်သံဃာတော်များအား စာအောင်ဆုပေးပွဲကို မတ် ၂၇ ရက်မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ စာအောင်ဆု ဆက်ကပ်လှူဒါန်းလိုသူများသည် မင်္ဂလသီရိပရိယတ္တိစာသင်တိုက် ဖုန်း–၆၄၅၆၅၅ နှင့် စာမေးပွဲကျင်းပရေးကော်မတီအတွင်းရေးမှူး ဒေါက်တာစန်းနိုင် ဖုန်း–၆၄၀၄၉၆တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၉–၂–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	**ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈း၁၀	၆။	ချစ်စရာ့အရွယ်ကကြိုးသွယ်
၈း၂၀	၇။	အရေးပြိုင်ပွဲ
၈း၃၀	၈။	International News.
၈း၄၅	၉။	Grammar Made Easy.
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄း၃၀	၃။	Practice in Reading.
၄း၄၅	၄။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၅း၀၀	၅။	အကပဒေသာ
၅း၁၅	၆။	မြန်မာစာ၊ မြန်မာစကား
၅း၃၀	၇။	မြန်မာ့ရိုးရာတောလေ့ကျေးလက်တေးသံများ
၅း၄၀	၈။	**"စည်းကမ်းလိုက်နာဘေးကင်းကွာ" (လူကူးမျဉ်းကျားမှကူးမယ်)**
၅း၄၅	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၃၀	၁၁။	မိုးလေဝသအခြေအနေ
၆း၃၅	၁၂။	အလှူရှာမယ်လှူမှာဝယ်
၇း၁၀	၁၃။	**နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ညီမငယ်ပါသေး" (အပိုင်း–၁၇)**
၈း၀၀	၁၄။	ပြည်တွင်းသတင်း
	၁၅။	နိုင်ငံတကာသတင်းများ
	၁၆။	မိုးလေဝသအခြေအနေ
	၁၇။	**နိုင်ငံခြားဇာတ်လမ်းတွဲ "တကယ်သဘောကျတယ်" (အပိုင်း–၂၅)**
	၁၈။	နောက်တစ်နေ့အစီအစဉ်
	၁၉။	အစီအစဉ်ပြီး၏။

အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုယိုနို နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဂျကာတာမြို့ရှိ သမ္မတ နန်းတော်၌ လက်ခံတွေ့ဆုံစဉ်။ (နိုင်ငံခြားရေး)

နိုင်ငံခြားရေးဝန်ကြီး ဦးဉာဏ်ဝင်း အင်ဒိုနီးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၈

အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ ဟာဆန်ဝီရာယုဒ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ပထမအကြိမ် ဝန်ကြီးအဆင့် ပူးတွဲကော်မရှင်အစည်းအဝေးသို့ တက်ရောက်ရန် ယင်းနိုင်ငံသို့ ဖေဖော်ဝါရီ ၁၃ရက်မှ ၁၆ရက်အထိ သွားရောက်ခဲ့သည်။

ပထမအကြိမ် ဝန်ကြီးအဆင့် ပူးတွဲကော်မရှင် အစည်းအဝေးတွင် နှစ်ဖက်နိုင်ငံခြားရေးဌာန ဝန်ကြီးများက အသီးသီးခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့များသည် နှစ်နိုင်ငံဆက်ဆံမှုတိုးတက်ရေးအတွက် အကျိုးရှိစွာ ဆွေးနွေးခဲ့ကြသည်။ နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရန် ဆွေးနွေးခဲ့သည့်ကဏ္ဍများတွင် ကာကွယ်ရေးနှင့် လုံခြုံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ သတ္တုနှင့် စွမ်းအင်တူးဖော်ထုတ်လုပ်ရေး၊ သစ်တော၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း၊ ပို့ဆောင်ရေး၊ ပညာရေး၊ လေ့ကျင့်သင်ကြားရေးနှင့် ခရီးသွားလုပ်ငန်းတို့ ဖြစ်သည်။

ပထမအကြိမ် ဝန်ကြီးအဆင့် ပူးတွဲကော်မရှင် အစည်းအဝေး မတိုင်မီ နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးများသည် ဖေဖော်ဝါရီ ၁၅ရက်တွင် ဒေသဆိုင်ရာနှင့် အပြည်ပြည်ဆိုင်ရာ အရေးကိစ္စရပ်များနှင့် မိမိတို့နိုင်ငံ အသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ နောက်ဆုံးအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဝန်ကြီးဦးဉာဏ်ဝင်းသည် မြန်မာနိုင်ငံသံအမတ်ကြီး ဦးခင်ဇော်ဝင်းနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာဆူဆီလိုဘန်ဘန်းယူဒိုယိုနိုအား သမ္မတနန်းတော်သို့ သွားရောက်၍ ဂါရဝပြုတွေ့ဆုံသည်။

ညပိုင်းတွင် ဝန်ကြီး ဦးဉာဏ်ဝင်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးက ဂျကာတာမြို့ရှိ Four Seasons Hotel၌ ဂုဏ်ပြုတည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်ခဲ့သည်။

ဂျကာတာမြို့သို့ ရောက်ရှိနေစဉ် ဝန်ကြီး ဦးဉာဏ်ဝင်းသည် ဖေဖော်ဝါရီ ၁၃ရက်တွင် မြန်မာနိုင်ငံ သံရုံးသို့ သွားရောက်၍ သံအမတ်ကြီးနှင့်သံရုံး ဝန်ထမ်းများအား တွေ့ဆုံကာ လိုအပ်သည်များကို မှာကြားသည်။

ဝန်ကြီးသည် ဂျကာတာမြို့၌ရှိစဉ် ဖေဖော်ဝါရီ ၁၄ရက်တွင် လွတ်လပ်ရေးကျောက်တိုင် Purna bahti Pertini ပြတိုက်နှင့် တိုင်းရင်းသားကျေးရွာ (Taman Mini-II) တို့ကို ကြည့်ရှုလေ့လာကြသည်။

ပြန်လည်လိုက်ပါ

ဝန်ကြီး ဦးဉာဏ်ဝင်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ နေပြည်တော်သို့ ယနေ့တွင် ပြန်လည်ရောက်ရှိရာ အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်းနှင့် ညွှန်ကြားရေးမှူး ဦးခင်မောင်လင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူး ဦးမောင်မောင်ခင်တို့လည်း ပြန်လည်လိုက်ပါလာကြသည်။ (သတင်းစဉ်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း အနောက်ဘက်) တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မန္တလေးမြို့ ချမ်းမြသာစည် မြို့သစ်(၁) (၆၆)လမ်းနေ ဦးကျော်မင်း(ခေတ်ဦး) မိသားစုက အလှူတော်ငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် ထီးချိုင့် အရှင်ဇနက(ဖ-က-လ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း (၁၈)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၈

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ Summit Parkview Hotel၌ ကျင်းပရာ သဘာပတိ ဦးခင်မောင်သွင်(AFP)က အဖွင့်အမှာစကားပြောကြားသည်။ နှစ်ပတ်လည်အစီရင်ခံစာကို ဥက္ကဋ္ဌ ဦးစပ်ကိုင်ဖ(Mainichi)က တင်ပြပြီး ငွေစာရင်းရှင်းတမ်းကို အသင်းအတွင်းရေးမှူး ဦးသစ္စာလှထွေး(TBS)က တင်ပြရာ အသင်းမှအတည်ပြုကြသည်။

ထို့နောက် ၂၀၀၇-၂၀၀၈ ခုနှစ်အတွက် အမှုဆောင်သစ်များ ရွေးချယ်တင်မြှောက်ရာတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယကအဖြစ် ဦးလှထွေး(Nihon Keizai Shimbun)၊ ဥက္ကဋ္ဌဦးစပ်ကိုင်ဖ (Mainichi)၊ ဒုတိယဥက္ကဋ္ဌ Mr Zhang Yunfei (Xinhua)၊ အတွင်းရေးမှူး ဦးသစ္စာလှထွေး (TBS)၊ တွဲဖက်အတွင်းရေးမှူး ဦးမြတ်သူရ (Kyodo News)၊ ဘဏ္ဍာရေးမှူး ဦးဟန်ထွေးအောင် (TV Asahi)၊ နှင့် စာရင်းစစ် ဦးဇော်မင်း (Tokyo Shimbun)တို့ကို ရွေးချယ်တင်မြှောက်ကြသည်။

ဆက်လက်၍ နာယက ဦးလှထွေးက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အစည်းအဝေးအပြီးတွင် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းက ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ ဂုဏ်ထူးဆောင် အသင်းဝင် ဦးသိန်းထွန်း (ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ)နှင့် မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းမှ သတင်းထောက်များ တက်ရောက်ကြကြောင်း သတင်းရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း၏ (၁၈)နှစ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ Summit Parkview Hotel၌ ကျင်းစဉ်။ (သတင်းစဉ်)

အင်တာနက် ကျန်းမာရေးသတင်း

ကင်ဆာကုထုံးအဖြစ် တိုက်ကွမ်ဒိုအားကစားကိုအသုံးပြု

စင်ကာပူ ဖေဖော်ဝါရီ ၁၈

ကင်ဆာရောဂါနှင့် တိုက်ကွမ်ဒိုအားကစားနည်းတို့ ထူးခြားသည့်ပေါင်းစပ်မှုတစ်ရပ်ဖြစ်လာကြောင်း၊ ကင်ဆာရောဂါဖြစ်နေသူ ကလေး ၁၅ယောက်သည် တိုက်ကွမ်ဒို ကိုယ်ခံပညာကို ကင်ဆာရောဂါကုထုံးပုံစံတစ်ရပ်အဖြစ် အသုံးပြုလျက်ရှိကြောင်း ဖေဖော်ဝါရီ ၁၇ရက် အင်တာနက်သတင်းတွင် ဖော်ပြထားသည်။

တိုက်ကွမ်ဒို ကိုယ်ခံပညာကို ကင်ဆာရောဂါကုသရာတွင် အသုံးပြုခြင်းမှာ ကမ္ဘာပေါ်တွင် ပထမဆုံးဖြစ်ကြောင်း၊ ကင်ဆာရောဂါသည် ကလေးများဆေးကုသမှု ခံယူနေသည့် စင်ကာပူနိုင်ငံ အက်စ်စီစီဟော့စပစ်ဌာနက ပြောကြားသည်။

တိုက်ကွမ်ဒို ကိုယ်ခံပညာလေ့ကျင့်နေကြသည့် ကလေးများအနက် အချို့မှာ သွေးကင်ဆာရောဂါ ခံစားနေရသူများဖြစ်ကြပြီး အချို့မှာ အဖု၊ အကျိတ်၊ ကင်ဆာရောဂါ ခံစားနေရသူများဖြစ်ကြသည်။ ၎င်းတို့သည် အသက်လေးနှစ်မှ အသက်၂၀ အတွင်းရှိပြီး တိုက်ကွမ်ဒိုအားကစားကို ၂၀၀၆ခုနှစ် နိုဝင်ဘာလကတည်းက ရက်သတ္တပတ်လျှင်တစ်ကြိမ် လေ့ကျင့်လျက်ရှိကြသည်။ *အင်တာနက်*

အင်တာနက်အားကစားသတင်းများ

မိုက်ကယ်အိုဝင်ပြန်လည်ကစားနိုင်မည်ဟု နယူးကာဆယ်မန်နေဂျာ မျှော်လင့်

လန်ဒန် ဖေဖော်ဝါရီ ၁၈

တိုက်စစ်မှူး မိုက်ကယ်အိုဝင်သည် လက်ရှိ ဘောလုံးရာသီ မကုန်ဆုံးမီ အပြည့်အဝ ပြန်လည်ကစားနိုင်မည်ဟု မိမိမျှော်လင့်ကြောင်း နယူးကာဆယ်ယူနိုက်တက်အသင်း မန်နေဂျာ ဂလင်းရိုဒါက ယနေ့ပြောကြားသည်။

အသက် ၂၇ အရွယ်ရှိ အင်္ဂလန် လက်ရွေးစင်ဘောလုံးသမားတစ်ဦးလည်းဖြစ်သူ မိုက်ကယ်အိုဝင်သည် ဒူးခေါင်းအရွတ် ထိခိုက်ဒဏ်ရာ ရရှိခဲ့မှုကြောင့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ နောက်ပိုင်းကာလတစ်လျှောက်လုံး ဘောလုံးကစားနိုင်ခြင်း မရှိခဲ့ပေ။

မိုက်ကယ်အိုဝင်သည် မူလမျှော်လင့်ခဲ့သည်ထက် စောစွာ နာလန်ထူလာပြီဖြစ်ကြောင်း ရိုဒါက ပြောကြားသည်။ *အင်တာနက်*

တိုက်စစ်မှူးပြဿနာ အေစီမီလန်ရင်ဆိုင်နေရ

ရောမ ဖေဖော်ဝါရီ ၁၈

ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသော အယ်လ်ဘာတိုဂီလာဒီနိုနှင့် အင်ဇာဂီတို့ နှစ်ဦးစလုံးသည် လာမည့် ရက်သတ္တပတ်တွင် ကျင်းပမည့် ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲအမီ ပြန်ကောင်းလာနိုင်ဖွယ်မရှိသဖြင့် တိုက်စစ်ပိုင်းတွင် ပြဿနာများ တွေ့ကြုံနေရကြောင်း အေစီမီလန်နည်းပြ ကာလို့စ် အင်ဆယ်လော့တီက ယနေ့ပြောကြားသည်။

အေစီမီလန်အသင်းသည် ချန်ပီယံလိဂ် နောက်ဆုံး ၁၆သင်းအဆင့်ပြိုင်ပွဲအတွက် လာမည့် အင်္ဂါနေ့တွင် ဆဲလ်တစ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ *အင်တာနက်။*

ဖေဖော်ဝါရီ ၁၁ရက်က ကျင်းပသော စီးရီးအေ ဘောလုံးပြိုင်ပွဲတွင် အေစီမီလန်အသင်း နည်းပြ အင်ဘယ်လော့တီးအား တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မန်ယူအသင်းကဲ့သို့ အောင်မြင်ရန် စပါးနည်းပြ မာတင်ဂျိုးမျှော်လင့်

လန်ဒန် ဖေဖော်ဝါရီ ၁၈

မိမိ၏အသင်းသည် လူငယ်ဘောလုံးသမားများကို အားပြုထားသည့်အသင်းဖြစ်ကြောင်း၊ လူငယ်ဘောလုံးသမားများသည် အတွေ့အကြုံအရ ရင့်ကျက်လာသည့်အခါ မန်ချက်စတာယူနိုက်တက်အသင်းနည်းတူ အောင်မြင်မှုရရှိသည့်အသင်းအဖြစ်သို့ ရောက်ရှိလာမည်သာဖြစ်ကြောင်း စပါးအသင်း၏နည်းပြ မာတင်ဂျိုးက ယနေ့ပြောကြားသည်။

မာတင်ဂျိုးသည် စပါးအသင်း၏နည်းပြအဖြစ် တာဝန်ယူလာမှုမှာ နှစ်နှစ်ခွဲမျှရှိခဲ့ပြီဖြစ်သည်။ မာတင်ဂျိုးသည် ၎င်း၏အသင်းကို ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲဝင် ထိပ်တန်းသင်းများအား စိန်ခေါ်နိုင်သည့်အသင်းအဖြစ်သို့ ပြောင်းလဲနိုင်ရန် ဖိအားပေးမှုများ ခံနေရသည်။

ပရီမီယာလိဂ် ဘောလုံးပြိုင်ပွဲတွင် နောက်ဆုံးခြောက်ပွဲကစားခဲ့ရာတွင်တစ်ပွဲမျှ အနိုင်မရခဲ့ခြင်းကြောင့် မာတင်ဂျိုးမှာ ဝေဖန်မှုများခံနေချိန်တွင် အထက်ပါအတိုင်း တုံ့ပြန်ပြောကြားခြင်းဖြစ်သည်။ *အင်တာနက်*

သင့်သွေးဖြင့် အသက်ကယ်ပါ

THE MASTERS Language & Recruitment
★မိဘများစိတ်ချယုံကြည်အဆင့်မီ★
နွေရာသီ English / Japan 4 Skills
အပန်းဖြေလေ့လာရေးဘုရားဖူးအပြီးအစီး
မတ်လ(5,10,15)ရက်စမည်။☎ 371359
I.E.L.T.S } သီး
အရေး၊ သဒ္ဒါ } သန့်
YOUNG LEARNER
(9-11)နှစ်(12-15)နှစ်
★ 234, ဆူးလေမိုးကုတ်တာဝါ၊ နေပြည်တော်ရှပ်ရှင်ရုံဘေး ★

www.eldoradobakehouse.com

သင်တန်းတက်ရောက်ပြီးသူများအား အလုပ်ရှာပေးခြင်း၊ လုပ်ငန်းထူထောင်ပေးခြင်းများကို အခမဲ့ကူညီပေးမည်။

Myanmar Baking Training Centre
MBTC

Myanmar Baking Training Centre

နိုင်ငံတကာအဆင့်မီ မုန့်အလှဆင်နည်းပညာနှင့် မုန့်ဖုတ်နည်းပညာသင်တန်းကျောင်း

Open on 2007

March	26	~	April	12
July	20	~	August	10
December	15	~	January	03

Mama Class will open on every Sat & Sun from 1st May 2007

"Even the great chefs of the world start from the basics"



Contact Address
No.166, Lay Daungkan Rd, Tamwe Tsp, Yangon. Tel 01-565649
No.4, Wai Zayan Dar Rd, Thin Gan Gyun Tsp, Yangon. Tel: 01-561308,561058 Fax: 01-560580
E-mail: shengda@myanmar.com.mm , www.eldoradobakehouse.com
No. C2-1, 32nd St, between 77x78 St, Mandalay, Tel: 02-89675

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာ

၁။ ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ ကုံကော်လမ်းသွယ် (၅)၊ ဘုရင့်နောင်ပွဲရုံတန်း၊ မြေတိုင်းရပ်ကွက်အမှတ်(ဘုရင့်နောင်)၊ မြေကွက်အမှတ် (က/၂၀၃)၊ မြေအကျယ် (၀.၈၀၃) ဧက၊ (၂၅)နှစ်မြေငှားဂရန်မြေဖြစ်၍ အမည်ပေါက် ဦးမထုနော် (၁၃/လရန(နိုင်)၀၈၈၀၁၈) ဟုမှတ်သားထားသည့် မြေကွက်ကြီးအတွင်းမှ တရားဝင်ခွဲစိတ်ထားပြီးသော အောက်ပါမြေကွက်ငယ် (၁၁)ကွက်၊ (၁)က/၂၀၃-A မြေအကျယ် (၀.၀၅၇၃)ဧက၊ (၂)က/၂၀၃-B မြေအကျယ် (၀.၀၅၇၃)ဧက၊ (၃)က/၂၀၃-D မြေအကျယ် (၀.၀၅၇၃)ဧက၊ (၄)က/၂၀၃-E မြေအကျယ် (၀.၀၅၇၃)ဧက၊ (၅)က/၂၀၃-F မြေအကျယ် (၀.၀၅၇၃)ဧက၊ (၆)က/၂၀၃-G မြေအကျယ် (၀.၀၇၂၀)ဧက၊ (၇)က/၂၀၃-H မြေအကျယ် (၀.၀၅၇၃)ဧက၊ (၈)က/၂၀၃-I မြေအကျယ် (၀.၀၅၇၃)ဧက၊ (၉)က/၂၀၃-J မြေအကျယ် (၀.၀၅၇၃)ဧက၊(၁၀)က/၂၀၃-K မြေအကျယ် (၀.၀၅၇၃)ဧက၊ (၁၁)က/၂၀၃-L မြေအကျယ် (၀.၀၅၇၃)ဧကကို အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများမှ စရောင်းဘိုးငွေ တစ်စိတ်တစ်ပိုင်း ပေးချေထားပြီးဖြစ်ပါသည်။

၂။ ဤအရောင်းအဝယ်ကိစ္စရပ်ကို အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို အထောက်အထားစာရွက်စာတမ်း ခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-

ဦးလှမြင့် (ဒဂုံ) စဉ် - ၉၀၁၂၊ (အထက်တန်းရှေ့နေ)
အမှတ်(၂၆၃)၊(၃လွှာ)၊ ဗားဂရာလမ်း၊စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၃၄၃၆၉

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

လျှပ်စစ်ဓာတ်အားသုံးစွဲသူများသို့ အသိပေးချက်

လျှပ်စစ်နှင့်ပတ်သက်၍ စုံစမ်း/မေးမြန်း/သတင်းပေး/တိုင်ကြားနိုင်ရန်အတွက် အောက်ပါအတိုင်း တယ်လီဖုန်းနံပါတ်များ တပ်ဆင်ထားရှိပါသည်။

စဉ်	ပြည်နယ်/တိုင်း	ရုံးဌာနများ	ဧရိယာကုတ်	တယ်လီဖုန်းနံပါတ်
၁။	နေပြည်တော်	(၁) အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီးရုံး	၀၆၇	၄၁၀၆၆၆
		(၂) ပျဉ်းမနား	၀၆၇	၂၃၆၆၆
၂။	ကချင်ပြည်နယ်	(၃) မြစ်ကြီးနား	၀၇၄	၂၄၆၆၆
		(၄) မိုးကောင်း	၀၇၄	၄၀၆၆၆
၃။	ကယားပြည်နယ်	(၅) လွိုင်ကော်	၀၈၃	၂၂၆၆၆
၄။	ကရင်ပြည်နယ်	(၆) ဘားအံ	၀၅၈	၂၂၆၆၆
၅။	ချင်းပြည်နယ်	(၇) ဟားခါး	၀၇၀	၂၂၆၆၆
၆။	စစ်ကိုင်းတိုင်း	(၈) မုံရွာ	၀၇၁	၂၄၆၆၆
		(၉) စစ်ကိုင်း	၀၇၂	၂၂၆၆၆
		(၁၀) ရွှေဘို	၀၇၅	၂၂၆၆၆
		(၁၁) တမူး	၀၇၃	၄၀၆၆၆
၇။	တနင်္သာရီတိုင်း	(၁၂) မြိတ်	၀၅၉	၄၂၆၆၆
၈။	ပဲခူးတိုင်း(အရှေ့ပိုင်း)	(၁၃) ပဲခူး	၀၅၂	၂၄၆၆၆
၉။	ပဲခူးတိုင်း(အနောက်ပိုင်း)	(၁၄) တောင်ငူ	၀၅၄	၂၆၆၆၆
		(၁၅) ပြည်	၀၅၃	၂၆၆၆၆
		(၁၆) သာယာဝတီ	၀၅၅	၃၀၆၆၆
၁၀။	မကွေးတိုင်း	(၁၇) မကွေး	၀၆၃	၂၄၆၆၆
		(၁၈) မင်းဘူး	၀၆၅	၂၁၆၆၆
		(၁၉) ရေနံချောင်း	၀၆၀	၂၂၆၆၆
		(၂၀) ချောက်	၀၆၁	၂၂၆၆၆
		(၂၁) သရက်	၀၆၈	၂၁၆၆၆
		(၂၂) အောင်လံ	၀၆၉	၂၂၆၆၆
		(၂၃) ပခုက္ကူ	၀၆၂	၂၃၆၆၆
၁၁။	မန္တလေးတိုင်း	(၂၄) မန္တလေး(တိုင်းရုံး)	၀၂	၆၅၆၆၆
		(၂၅) မန္တလေး(ခရိုင်ရုံး)	၀၂	၇၃၆၆၆
		(၂၆) ပြင်ဦးလွင်	၀၈၅	၂၁၆၆၆
		(၂၇) မိုးကုတ်	၀၉	၆၉၇၂၆၆၆
		(၂၈) ကျောက်ဆည်	၀၆၆	၅၀၆၆၆
		(၂၉) ကျောက်ပန်းတောင်း	၀၆၁	၅၀၆၆၆
		(၃၀) မိတ္ထီလာ	၀၆၄	၂၅၆၆၆
၁၂။	မွန်ပြည်နယ်	(၃၁) မော်လမြိုင်	၀၅၇	၂၆၆၆၆
၁၃။	ရခိုင်ပြည်နယ်	(၃၂) စစ်တွေ	၀၄၃	၂၄၆၆၆
၁၄။	ရန်ကုန်တိုင်း	(၃၃) ရန်ကုန်(တိုင်းရုံး)	၀၁	၂၁၅၆၆၆
		(၃၄) သန်လျင်	၀၅၆	၂၂၆၆၆
		(၃၅) သန်လျင်(ခရိုင်ရုံး)	၀၅၆	၂၁၆၆၆
		(၃၆) ကျောက်တန်း	၀၅၆	၂၅၆၆၆
		(၃၇) တွံတေး	၀၄၅	၅၀၆၆၆
		(၃၈) တိုက်ကြီး	၀၅၅	၂၀၆၆၆
		(၃၉) အင်းစိန်(ခရိုင်ရုံး)	၀၁	၆၄၄၆၆၆
		(၄၀) တာမွေ(ခရိုင်ရုံး)	၀၁	၅၅၉၆၆၆
		(၄၁) ကျောက်တံတား(ခရိုင်ရုံး)	၀၁	၃၈၉၆၆၆
၁၅။	ရှမ်းပြည်နယ်(တောင်ပိုင်း)	(၄၂) တောင်ကြီး	၀၈၁	၂၅၆၆၆
၁၆။	ရှမ်းပြည်နယ်(မြောက်ပိုင်း)	(၄၃) လားရှိုး	၀၈၂	၂၄၆၆၆
၁၇။	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	(၄၄) ကျိုင်းတုံ	၀၈၄	၂၂၆၆၆
၁၈။	ဧရာဝတီတိုင်း	(၄၅) ပုသိမ်	၀၄၂	၂၄၆၆၆
		(၄၆) ဖျာပုံ	၀၄၅	၄၁၆၆၆
		(၄၇) ဓနုဖြူ	၀၄၆	၂၅၆၆၆

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ထူးခြားသည့် ညအပူချိန်များ

(၁၈-၂-၂၀၀၇)

ဟားခါး	**လားရှိုး၊ နမ့်စန်၊ အမ်း**
၂ ဒီဂရီစင်တီဂရိတ်	၄ ဒီဂရီစင်တီဂရိတ်စီ
ပင်လောင်း၊ ဟဲဟိုး၊ မိုးကုတ်	**ရန်ကုန်**
၃ဒီဂရီစင်တီဂရိတ်စီ	၁၈ ဒီဂရီစင်တီဂရိတ်

THREE FRIENDS CONSTRUCTION CO., LTD.

အိမ်အတွင်းအပြင်အလှဆင်ခြင်းလုပ်ငန်းများ

(Interior Design Group) ➢ကျွမ်းကျင်သူDesigner၊အင်ဂျင်နီယာ၊ ပညာရှင်တွေ စနစ်တကျပေါင်းစပ် ဖွဲ့စည်းထားပြီးဆန်းသစ်သောဒီဇိုင်း၊ လက်ရာ၊ ကျွမ်းကျင်သော ဝန်ဆောင်မှုတို့ဖြင့် အိမ်အလှဆင်ပစ္စည်းများ ကိုယ်တိုင်ထုတ်လုပ် တင်သွင်းရောင်းချပေး၍ မိတ်ဆွေများ၏ စိတ်ကူးဆန္ဒများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးနေပါပြီ။

ကုန်ကျစရိတ် ➢ထိုက်သင့်သည့် တန်ဖိုးနှင့်ညီမျှသောအရည်အသွေးကို အကောင်းဆုံးရရှိနိုင်ပါသည်။အကုန်အကျခံနိုင်သည့် Budget နှင့်ညီမျှသော ဈေးနှုန်းကိုညှိနှိုင်း ဆောင်ရွက်နိုင်အောင် စီစဉ်ထားပါသည်။

ဝန်ဆောင်မှုများ၊ ▸အခန်းဖွဲ့ခြင်း၊(ဂျပ်ဆင်ဘုတ်၊အုတ်၊ဂျပန်T&G၊Thaiply) ▸မျက်နှာကြက်အလှဆင်ခြင်း ▸ပါကေးခင်းခြင်း ▸ကြွေပြားကပ်ခြင်း ▸ဆေးသုတ်ခြင်း ▸ပေါလစ်တင်ခြင်း ▸လျှပ်စစ်လုပ်ငန်းများ၊ ▸ရေသွယ်တန်းခြင်း၊ ▸သံပန်းလုပ်ငန်းများ(သံပန်း၊သံတံခါး၊ဆန်းရှိတ်) ▸Modern Furnitureများပြုလုပ်အလှဆင်ပေးခြင်း (MDF,Ply,Teak) ▸စတီးလုပ်ငန်းများ(စတီးဖြင့်လက်ရန်း၊ပရိဘောဂများပြုလုပ်ခြင်း) ▸Rollershutter (လိပ်တံခါး) ▸မှန်၊Composite၊အလူမီနီယံများဖြင့်အလှဆင်ခြင်း ▸ပလာစတာကောနစ်များဖြင့်အလှဆင်ခြင်း ▸ နံရံကပ် Wall Coveringများရောင်းချပေးခြင်း ▸ အသင့်ခင်းလျှာထိုးပြားများရောင်းချပေးခြင်း

44A(1)၊ ကျိုက်တော်အိမ်ရာ၊ (ရန်ကုန်ကုန်သွယ်မှုဗဟိုဌာနအနောက်)၊ မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။
☎ 01-294864, 298341, 299947, 701869 09-50 11443, 09-50 10289, 09-51 54853, 09-51 55037

ဒုတိယဝိုလ်ချုပ်ကြီးကျော်ဝင်း လွိုင်ကော်မြို့နယ်ရှိ မိုးဗြဲရေလှောင်တမံ ကြည့်ရှုစစ်ဆေး ရေရှည်ခိုင်ခံ့ကောင်းမွန်ရေးနှင့် ရေသိုလှောင်မှုချွတ်ယွင်းချက်မရှိရေး ဂရုပြုထိန်းသိမ်းရန်မှာကြား

နေပြည်တော် ဖေဖော်ဝါရီ ၁၈

ကယားပြည်နယ် လွိုင်ကော်မြို့၌ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့မှ မော်တော်ယာဉ်များဖြင့် လွိုင်ကော်-ပင်လောင်း-တောင်ကြီးလမ်းအတိုင်း ထွက်ခွာလာကြရာ လွိုင်ကော်မြို့နယ် ဝါရီဘောခုကျေးရွာအနီး လယ်မြေစိုက်ကွင်း၌ နွေစပါးရေသွင်းစိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များမှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့်အဖွဲ့သည် နံနက် ၉ နာရီတွင် လွိုင်ကော်မြို့ မြောက်ဘက် ၁၈ မိုင်ခန့်အကွာ ဘီလူးချောင်းပေါ်၌ အမှတ် (၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရေအားလျှပ်စစ် ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း မိုးဗြဲရေလှောင်တမံသို့ရောက်ရှိကြပြီး မော်တော်ယာဉ်ဖြင့် တမံပေါင်တစ်လျှောက် လှည့်လည်ကြည့်ရှု စစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးခင်မောင်အေး၊ စက်ရုံမှူးဦးဟုတ်ရှိန်တို့က လိုက်လံရှင်းလင်းပြသကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လျှပ်စစ်ဓာတ်အားကဏ္ဍနှင့် စိုက်ပျိုးရေးကဏ္ဍတို့၌ အားထားရသော မိုးဗြဲရေလှောင်တမံ ရေရှည် ခိုင်ခံ့ကောင်းမွန်ရေးနှင့် ရေသိုလှောင်မှု ချွတ်ယွင်းချက် မရှိစေရေးအတွက် ဝန်ထမ်းများ အနေဖြင့် စေတနာထားပြီး အမြဲမပြတ် အထူးဂရုပြုထိန်းသိမ်း ဆောင်ရွက်သွားရေးမှာကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ⇨

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လွိုင်ကော်မြို့နယ်ရှိ မိုးဗြဲရေလှောင်တမံကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီး တစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။



ခေါင်လန်ဖူးနှင့် ပန်နန်းဒင်ဒေသတို့၌ မြဝတီ ရုပ်မြင်သံကြား စတင်ထုတ်လွှင့်

နေပြည်တော် ဖေဖော်ဝါရီ ၁၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏ အစီအစဉ်အရ ကချင်ပြည်နယ် ခေါင်လန်ဖူးနှင့် ပန်နန်းဒင်ဒေသတို့၌ (၁၀) ဝပ်လွှင့်အားရှိ မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်များ တပ်ဆင်ပေးခဲ့ရာ ပန်နန်းဒင်တွင် ဇန်နဝါရီ ၂၃ ရက် ညနေပိုင်း အစီအစဉ်များမှ စတင်၍လည်းကောင်း၊ ခေါင်လန်ဖူးတွင် ဖေဖော်ဝါရီ ၅ ရက် ညနေပိုင်းအစီအစဉ်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုကဏ္ဍမှာ အရေးပါ

စက်မှုဇုန်များမှ ထွက်ရှိသည့် ပြည်ပပို့ကုန်များ ပြည်ပဈေးကွက်၌ ဝယ်လိုအားရှိ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးကူညီပေး

ရန်ကုန် ဖေဖော်ဝါရီ ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့ မွန်းလွဲပိုင်းတွင် မှော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီးရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသည့် မြောင်းတကာသံမဏိစက်မှုဇုန်နှင့် ရွှေပြည်သာမြို့နယ်ရှိ သာစုကန်စက်မှုဇုန်များကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကိုမှာကြားကာ လိုအပ်သည်များကို ကူညီပံ့ပိုးဖြည့်ဆည်းပေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း၊

စာမျက်နှာ ၁၁ ကော်လံ ၃ သို့ ❐

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေ ရွှေပြည်သာမြို့နယ် သာစုကန် စက်မှုဇုန်ရှိ ခိုင်ခိုင်ဂရု(ပ်)စက်ရုံ အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

(အပေါ်ပုံ) (သတင်းစဉ်)